# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# ဒီဇင်ဘာ – ၂၀၀၆

ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦး အထူးအယူခံတင်သွင်း ၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ကြပ်ပြေး သတင်းစာရှင်းပွဲ၌ နိုင်ငံရေးအကျဉ်းသားမရှိဟု ရဲချုပ်ခင်ရီ ပြောဆို ၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
လူထုဆန္ဒ ကောက်ခံမှုဖြင့် ဖမ်းခံနေရသူ (၂) ဦး လွတ်မြောက်ရေးအတွက် စာရေးတောင်းဆိုရန် နှိုးဆော် ၄၊ ဒီဇင်ဘာ ၊ ၂၀၀၆
(၈၈) မျိုးဆက်ကျောင်းသားများကို နောက်ထပ် ရမန်နှစ်ပတ်ယူ ၄ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ခေါင်းဆောင် (၅) ဦးကို အမြန်လွတ်ပေးရန် (၈၈) မျိုးဆက် ကျောင်းသားများ တောင်းဆို ၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
သာယာဝတီထောင်မှ နှစ်ရှည် နိုင်ငံရေးအကျဉ်းသား (၂) ဦး ကျန်းမာရေး ဆိုးရွာ ၇ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
သံလျှင် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်စန်း အင်းစိန် ထောင်တွင်း ကျန်းမာရေး ဆိုးရွား ၈ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
မန္တလေးထောင်၌ နိုင်ငံရေးအကျဉ်းသား တဦးအား ဗာညနျအပ ၍ညအနမညအေသညၼ မှ ဂုဏ်ပြု ၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ဘိုကလေး လူ ့အခွင့်ရေးနေ့ အခမ်းအနား ဦးဆောင်ကျင်းပသူများကို ခေါ်ယူစစ်ဆေး ၁၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
လူထုဆန္ဒ လက်မှတ် ကောက်ခံသူတဦး ထောင်ဝင်စာ တွေ့ခွင့်မရ ၁၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
နှစ်ရှည်နိုင်ငံရေးအကျဉ်းသား တဦးကို ပူတာအိုထောင် ပြောင်းရွှေ့ ၁၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
မော်လမြိုင်ထောင်၌ အစာငတ်ခံဆန္ဒပြသည့် နိုင်ငံရေးအကျဉ်းသား (၂) ဦး ရိုက်နှက်ခံရ ၁၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ဦးဝင်းတင်အား မီဒီယာလွတ်လပ်ခွင့်ဆု ချီးမြှင့် ၁၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
အဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင် (၅) ဦးအား တွေ့ခွင့်ပေးရန် မိသားစုမှ နအဖကို မေတ္တာရပ်ခံ ၁၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
နအဖ၏ **ICRC** နယ်ရုံးခွဲများ ပြန်လည်ဖွင့်ခွင့်ပေးမကြို အဖွဲ့ချုပ် ကြိုဆို ၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
အင်းစိန်ထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသား (၂) ဦး အစာငတ်ခံဆန္ဒပြ ၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးပြီး ဆွေးနွေးပွဲများ လုပ်ရန် မကွေး အဖွဲ့ချုပ် တောင်းဆို ၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
လူထုလက်မှတ် ကောက်ခံသဖြင့် ထောင် (၁၄) နှစ် ချလိုက်သူ (၂) ဦးကို တောင်ငူထောင်သို့ပို့ ၁၇ ၊ နိုဝင်ဘာ ၊ ၂၀၀၆
ဒေါ်စုကို လွှတ်ပေးရန် အိန္ဒိယပါလီမန် အမတ်များအဖွဲ့ တောင်းဆို ၁၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင် (၅) ဦး (၄) ကြိမ်မြောက် ၁၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ (၄၅) နှစ်မြောက် မွေးနေ့ ပြုလုပ် ၁၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
တောင်ငူထောင်၌ နိုင်ငံရေးအကျဉ်းသား (၂) ဦး ကျန်းမာရေးဆိုးရွား ၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
အင်းစိန်ထောင်မှ အဖွဲ့ချုပ်ဝင် အကျဉ်းသားတဦး ပြင်ပဆေးခန်း၌ ကျန်းမာရေး ကုသရန်လိုအပ် ၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
အင်းစိန်ထောင်ထဲမှ နိုင်ငံရေးအကျဉ်းသား ဦးကျော်ဆန်း အစာငတ်ခံဆန္ဒပြမှု အဆုံးသတ် ၂၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ခါတ်လိုက် လဂူသမှု၌ နောက်တိုးတရားခံ လျှောက်လဲချက်မြို့နယ်တရားရုံးမှ ၂၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ချက် လူထုမှ နိုင်ငံရေးအကျဉ်းသား မိသားစုများအတွက် ခရစ္စမတ် ကဒ်ပြားများ ပေးပို့ ၂၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
မော်လမြိုင်ထောင်၌ အကျဉ်းသားတဦး အသက်အန္တရာယ် စိုးရိမ်ရ ၂၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ဒေါ်စုအား ဆူဘတ်ချန်ဒရာဘို့စ် ဖောင်ဒေးရှင်းမှ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆု ချီးမြှင့် ၂၆ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
ကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေးရန် (၈၈) ကျောင်းသားအဖွဲ့ ထပ်မံ တောင်းဆို ၂၇ ၊ ဒီဇင်ဘာ ၊ ၂၀၀၆
အင်းစိန်ထောင်မှ လွှတ်တော်အမတ် ဦးအောင်စိုးမြင့် ကျန်းမာရေးကို မိသားစု စိုးရိမ် ၂၈ ၊ ဒီဇင်ဘာ ၊ ၂၀၀၆

## ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦး အထူးအယူခံတင်သွင်း

*၂၊ ဒီဇင်ဘာ၊ ၂၀၀၆*

ညောင်နှစ်ပင်ညီလာခံကို ဝေဖန်မှုနှင့် ထောင်ဒဏ် (၁၀၀) ကျော်အထိ ချခံနေရသူ ဥက္ကဋ္ဌ ခွန်ထွန်းဦး အပါဝင် ရှမ်းခေါင်းဆောင် (၈) ဦး၏ အထူးအယူခံကို ပြီးခဲ့သည့် (၂၈/၂၉) ရက်နေ့များတွင် ၎င်းတို့၏ ရှေ့နေများမှ တရားရုံးချုပ်ဆီသို့ တင်သွင်းလိုက်ကြောင်း သိရပါသည်။ နိုင်ငံရေးအမှုများ လိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေ ဦးအောင်သိန်း၊ ဦးဉာဏ်ဝင်းနှင့် ဦးကြည်ဝင်းတို့မှ ယခုလို တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ တရားရုံးဘက်မှ လက်ခံ မခံ သည်ကို ရှေ့သတင်းပတ် တနင်္လာနေ့တွင် အဖြေသိရနိုင်ကြောင်း ဦးအောင်သိန်းမှ ဒီဗွီဘီကို ပြောပါသည်။ ၎င်းအထူးအယူခံအပေါ် “ဘယ်လောက်အထိ မျှော်လင့်ချက် ထားနိုင်မလဲ၊” ဥပဒေကြောင်းအရ ဘယ်လိုသက်သာခွင့် ရနိုင်မည်နည်းဟု ထပ်မေး သည့်အခါတွင် ရှေ့နေ ဦးအောင်သိန်းမှ ယခုလိုရှင်းပြခဲ့ပါသည်။

“ဘာဖြစ်လို့ အဲဒီလို တင်တာလဲဆိုတော့ တရားရုံးချုပ် တပါးထိုင်ကို တင်ခဲ့စဉ်က အန်ကယ်တို့ လျှောက်လဲ ချက်အပေါ်မှာ အကျဉ်းနည်းနဲ့ ပလပ်လိုက်တာကိုး။ အကျဉ်းနည်း ဆိုတာ မပြည့်စုံဘူးလေ။ ဘာကြောင့် ပယ်တာလဲ ဆိုတာ မပြောဘူးလေ။ အဲဒါကြောင့် နှစ်ပါး ထိုင်ကို ဆက်ပြီးတော့ တင်သွင်းခဲ့တာပေါ့။ ဒီလောက်နှစ်ရှည်လများ ထောင်ဒဏ်ချတဲ့ အမှုတွေကို အကျဉ်းနည်းနဲ့ တရားရုံးချုပ် တပါးထိုင်က ပလပ်လိုက်တယ်ဆိုတော့ ဒါဟာ တရားမျှတမှု မရှိနိုင်သေးဘူးပေါ့။ ဒါကြောင့် အထူးအယူခံ ဝင်ရောက်ခွင့်ရဖို့အတွက် လျှောက်လွှာတင်တဲ့သဘောပါ။ ဘာမျှော်လင့်လဲ ဆိုတော့ သူတို့ အရေးယူလောက်တဲ့ ပြဿနာ ဖြစ် မဖြစ်ဆိုတာ ဒါနဲ့ပတ်သက်ပြီး၊ တခုဖူးမျှ ဆုံးဖြတ်ဖူးတာ မရှိတာ ဖြစ်ရ မယ်၊ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေ ဖြစ်ရမယ်ဆိုတာ အချက်အလက်တွေ သတ်မှတ်ထားတာ ရှိတယ်။ အဲဒီအင်္ဂါရပ်တွေနဲ့ ဝင်တယ်လို့ နှစ်ပါးထိုင်း တရားရုံးက လက်ခံတယ်ဆိုရင်တော့ ဒါအလွန်ဆုံးအဆင့်ပေါ့။ အဲဒီက ခွင့်ပြု တယ်ဆိုရင်တော့ သုံးပါးထိုင် တက်သွားမယ်ပေါ့။ အဲဒီအမှုက အဲဒီမှာ ခွင့်မပြုတော့ဘူး ဆိုရင်တော့၊ အဲဒီမှာတင် အမှု တင်တဲ့ ရှေ့နေရဲ့ လုပ်ဆောင်ချက် အားလုံးဟာ ပြီးဆုံးသွားပြီပေါ့။ ဒီလိုပဲ ပြောရမှာပါ။”

ရှမ်းခေါင်းဆောင် (၈) ဦး၏ အထူးအယူခံ နောက်ဆုံးအခြေအနေအကြောင်းကို ရှေ့နေ ဦးအောင်သိန်း ပြောကြား ခဲ့ခြင်းပါ။ ၎င်းအယူခံကို လက်ခံမခံကိုမူ တရားသူကြီးများ၏ ဆင်ခြင်တုံတရားနှင့်လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်အပေါ်တွင် မူတည်နေသည့်သဘော ဖြစ်နေ ပါ သည်။ သို့ပေမဲ့ ရှမ်းအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်ကမူ အာဏာပိုင်များဖက်မှ ၎င်းအယူခံကို အလေးအနက်ထား စဉ်းစားပေးလိမ့်မည်ဟု ယုံကြည်နေပါသည်။

“ဧပြီလ (၃၀) ရက်နေ့မှာတခါ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဆီကို စာတင် တယ်ပေါ့။ ကျနော်တို့ ဥက္ကဋ္ဌကြီး၊ အတွင်းရေးမှူးနဲ့ ကျန်တဲ့ခေါင်းဆောင်တွေကို လွှတ်ပေးဖို့၊ ပြီးတော့ မစ္စတာဂန်ဘာရီ လာတဲ့အခါကျတော့လဲ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ကို မတရား ဖမ်းဆီးခံရခြင်းကနေ အမြန်ဆုံး လွှတ်ပေးဖို့ကို မစ္စတာ ဂန်ဘာရီကနေ တတ်နိုင်သလောက် ကုလသမဂ္ဂမှာ တင်ပြပေးဖို့ စာပေးလိုက်ပါတယ်။ အယူခံကိစ္စကို ဒီတခေါက် တင်လို့ရှိရင်တော့ သူတို့အပေါ် ချထားတဲ့ တကျွန်းဒဏ်၊ ပြီးတော့ ပုဒ်မ (၁၂၄/က)၊ (၁၂၂/၁) ပေါ့နော်။ အဲဒီ အမှု ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာ အာဏာပိုင်လူကြီးများက တင်တဲ့အယူခံကို လက်ခံစဉ်းစားပေးလိမ့်မယ်လို့ မျှော်လင့် ထားတာပေါ့။”

ရှမ်းအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်၏ မျှော်လင့်ချက် ဖြစ်ပါသည်။ ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်၊ အဖွဲ့ဝင် စိုင်းလှအောင်၊ ရှမ်းပြည် တပ်မတော် နာယက ဗိုလ်ချုပ်ဆေထင်၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း၊ ဦးထွန်းညို၊ စိုင်းမျိုးဝင်းထွန်းနှင့် စိုင်းညီညီမိုး (၈) ဦးကို ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် စတင်ဖမ်းဆီးခဲ့ပြီး၊ (၇၉) ကနေ (၁၀၆) နှစ်အထိ အသီးသီး ထောင်ဒဏ် ပေးခံထားရခြင်း ဖြစ်ပါသည်။ ၎င်းတို့အား ဝေးလံခေါင်ဖျားသည့် အကျဉ်းထောင်များဆီသို့ ပို့ထားပြီး ဆေးဝါးကုသမှု အလုံအလောက် မပေးသည့်အတွက် ပြီးခဲ့သည့်လအတွင်း သံတွဲ ထောင် ဦးမြင့်သန်း သေဆုံးသွားခဲ့ပါသည်။ အခု ကျန်နေသည့် (၇) ဦးဟာလည်း နား၊ သွား၊ သွေးတိုး၊ နှလုံးနဲ့ တခြားရောဂါတွေ ခံစားနေရပြီး ဆေးဝါးကုသမှု အမြန်ဆုံးလုပ်ပေးဖို့ လိုအပ်နေကြောင်း ဦးစိုင်းလိတ်မှ တိုက်တွန်းသွား ခဲ့ပါ သည်။

အစသို့

## ကြပ်ပြေး သတင်းစာရှင်းပွဲ၌ နိုင်ငံရေးအကျဉ်းသားမရှိဟု ရဲချုပ်ခင်ရီ ပြောဆို

*၂၊ ဒီဇင်ဘာ၊ ၂၀၀၆*

ညောင်နှစ်ပင်ညီလာခံကို ဝေဖန်လို့ ဖမ်းဆီးခံနေရသည့် ခွန်ထွန်းဦး အပါအဝင် နိုင်ငံရေး အကျဉ်းသား (၁၀၀၀) ကျော် အကျဉ်းထောင်အသီးသီးတွင် ရှိနေဆဲဖြစ်ခြင်းကို ပြည်တွင်း၊ ပြည်ပ အဖွဲ့စည်းများ၊ ကုလသမဂ္ဂနှင့် လူအခွင့်အရေး အဖွဲ့များအားလုံးမှ လက်ခံထားပြီး ဖြစ်သော်လည်း နအဖကမူ နိုင်ငံရေးအကျဉ်းသား တဦးမှ မရှိကြောင်းဟု ငြင်းဆိုလိုက် ပါသည်။ ပြီးခဲ့သည့်

ဗုဒ္ဓဟူးနေ့ကြပ်ပြေးတွင်လုပ်သည့် သတင်းစာရှင်းပွဲအတွင်း ရဲချုပ်ခင်ရီမှ ယခုလို ပြောသွားခြင်း ဖြစ်ပါ သည်။ ရဲချုပ်ခင်ရီ၏ ပြောကြားချက်အပေါ် အားလုံးမှ မကျေမနပ် ဝေဖန်နေပြီး၊ (၈၈) မျိုးဆက် ကျောင်းသားများ အဖွဲ့များ ဆိုလျှင် ကြေညာချက်ထုတ်ပြီး ကန့်ကွက်ရန် ပြင်ဆင်နေပါသည်။

"ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ကျနော်တို့ ကျောင်းသားခေါင်းဆောင် (၅) ယောက်၊ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျာ၊ ကိုဌေးကြွယ်၊ ကိုပြုံးချို။ အဲဒီ (၅) ယောက်ဟာ မည်သည့် ပြစ်မှုကိုမှ ကျူးလွန်ထားတာမဟုတ်ဘူး။ အခုလက်ရှိဆိုရင် ဖမ်းဆီးထိန်းသိမ်း ထားတဲ့ အနေအထားမျိုးမှာ ရှိတယ်။ နောက်တခါ ကမ္ဘာ့သိ ခေါင်းဆောင်တဦးဖြစ်တဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ နောက် ရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးခွန်ထွန်းဦး၊ သတင်းစာဆရာကြီး ဦးဝင်းတင်၊ ဦးတင်ဦး။ ကျနော်တို့ ပြောချင်တာက အစိုးရအနေနဲ့ကလဲ (၁၉၉၂) ခုနှစ်က (၁၁/၉၂) ကြေညာချက် ထုတ်ထားတာ ရှိတယ်။ အဲဒီ (၁၁/၉၂) မှာ တရားဝင်အစိုးရ ထုတ်ပြန်ထားတာ၊ ဘာပြောထားလဲဆိုရင် နိုင်ငံရေးနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ ထောင်ကျတဲ့သူတွေ အားလုံးကို စီစဉ်ပြီး ပြန်လွှတ်ပေးမယ်ဆိုတာ ကြေညာချက်က (၁၁/၉၂) မှာ ထုတ်ထားခဲ့တယ်။ အဲဒီတော့ အဲဒီကြေညာချက်အရကို နိုင်ငံရေးပြစ်မှုနဲ့ ကျတဲ့လူ ရှိတယ်ဆိုတာကို အစိုးရကနေ ဝင်ခံပြီးလဲဖြစ်တယ်။ အမြင်ကွဲလွဲပြီး တော့ ထောင်ကျတန်းကျ ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေ၊ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသား တွေ ထောင်နဲ့ချီပြီ၊ ရာနဲ့ချီပြီး ရှိနေပါတယ်။ အဲဒီလူတွေအတွက်လဲ နိုင်ငံရေးအကျဉ်းသားဆိုသည့် သတ်မှတ်ချက်တခုကို တော့ အစိုးရမှ ပြဋ္ဌာန်းပေးဖို့ လိုတယ်လို့ ကျနော်မြင်တယ်။ အဲဒီတော့ ရဲချုပ်ခင်ရီ ရှင်းသွားတဲ့ နိုင်ငံရေးပြစ်မှုနဲ့ ထောင်ကျ တာ မရှိဘူးဆိုတဲ့ စကားရပ်ကိုတော့ ကျနော်တို့အနေနဲ့ လုံးဝ လက်ခံနိုင်ဖွယ်ရာ မရှိဘူး၊ သဘောလဲ မတူနိုင်ဘူး။"

(၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုမြအေး ပြောသွားခြင်း ဖြစ်ပါသည်။ အလားတူပင် ထိုင်း–မြန်မာ နယ်စပ် အခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီရေးအဖွဲ့က လည်းရဲချုပ်ခင်ရီ၏ပြောဆိုချက်အပေါ် ကန့်ကွက်ထား ကြောင်း သိရပါသည်။

အစသို့

## လူထုဆန္ဒ ကောက်ခံမှုဖြင့် ဖမ်းခံနေရသူ (၂) ဦး လွတ်မြောက်ရေးအတွက် စာရေးတောင်းဆိုရန် နှိုးဆော်

*၄၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ထောင် (၁၄) နှစ် ချမှတ်ခံထားရသည့် မိုးညိုမြို့နယ် ရေသပြာရွာမှ ကိုဝင်းကိုနှင့် ကိုဖြိုးဇော်လတ်တို့ လွတ်မြောက်ရေးအတွက် စစ်အစိုးရအာဏာပိုင်များနှင့် နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားသူများထံ တိုက်ရိုက်စာရေး တောင်းဆိုကြရန် ဟောင်ကောင် အခြေစိုက် အာရှ လူ့အခွင့်အရေးအဖွဲ့မှ အရေးပေါ် ကြေညာချက်တစောင် ထုတ်ပြန်ပြီး နှိုးဆော် ထားပါသည်။ ၎င်းကြေညာချက်တွင် ကိုဝင်းကိုတို့ (၂) ဦးကို ဥပဒေမဲ့ တရားစီရင်ခဲ့ခြင်းများကို ထောက်ပြထားပြီး၊ ၎င်းအပေါ် ပြင်ဆင်ချက်တက်ရန်လည်း ၎င်းတို့ (၂) ဦး၏ အကျိုးဆောင် ရှေ့နေကို အာရှလူ့အခွင့်အရေးအဖွဲ့မှ တိုက်တွန်း ထားပါသည်။ ထို့အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လေးစားသူ မည်သူမဆို သူတို့ (၂) ဦး လွတ်မြောက်ရေး အတွက် နိုင်ငံတော် ရှေ့နေချုပ် အပါအဝင်၊ စစ်အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စား လှယ် ပေါ်လိုဆာဂျရိုပီညဲရိုးနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များထံ တိုက်ရိုက် စာရေးတောင်းဆိုရန်လည်း ဟောင်ကောင်အခြေစိုက် အာရှ လူ့အခွင့်အရေးအဖွဲ့မှ တိုက်တွန်းထားပါသည်။ ပဲခူးတိုင်း မိုးညိုမြို့နယ် ရေသပြာရွာက ကိုဝင်းကိုနှင့် ကိုဖြိုးဇော်လတ်တို့ (၂) ဦးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် (၈၈) ကျောင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် လူထုဆန္ဒလက်မှတ်တွေ ကောက်ယူခဲ့ခြင်းကြောင့် အောက်တိုဘာလ (၆) ရက်နေ့မှ ဖမ်းဆီးခံရပြီး ထောင် (၁၄) နှစ်စီ ချမှတ်ခံထားရခြင်း ဖြစ်ပါသည်။

အစသို့

## (၈၈) မျိုးဆက်ကျောင်းသားများကို နောက်ထပ် ရမန်နှစ်ပတ်ယူ

*၄ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

မင်းကိုနိုင် အပါအဝင် (၈၈) ရှစ်မျိုးဆက် ကျောင်းသားများအဖွဲ့မှ ခေါင်းဆောင် (၅) ဦးတို့အား ယနေ့ ပြန်လွှတ်မပေးဘဲ နောက်ထပ် နှစ်ပတ်ရမန်ယူ ထိမ်းသိမ်းလိုက်ကြောင်း တရားရေးဌာနှင့် နီးစပ်သူများ အပြောအရ သိရပါ သည်။ လူကြီးများက တွေ့ချင်လို့ဆိုပြီး ခေါ်ဆောင်သွားခဲ့သော်လည်း ယခုထိ အိမ်ပြန်မပို့ဘဲ ရမန်ယူ ထိမ်းသိမ်းနေ သည့်အပေါ် မိသားစုများမှ အထူးစိတ်ပူနေကြသည်ဟုလည်းနီးစပ်သူများအပြောအရ သိရပါသည်။

## ခေါင်းဆောင် (၅) ဦးကို အမြန်လွတ်ပေးရန် (၈၈) မျိုးဆက် ကျောင်းသားများ တောင်းဆို

*၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ဖမ်းဆီးထားခြင်း (၂) လခွဲနီးပါး ကြာမြင့်လာပြီဖြစ်သည့် မင်းကိုနိုင် အပါအဝင် ခေါင်းဆောင် (၅) ဦးအား အမြန်ဆုံး လွတ်ပေးရန် (၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့မှ ယနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်ပါသည်။ ၄င်းကြေညာချက် မူရင်းကို (၈၈) မျိုးဆက် ကျောင်းသားအဖွဲ့ဝင် ကိုနေတင်မြင့်မှ ယခုလို ဖတ်ကြားပြပါသည်။

“(၁) (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသော မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့အား (၂၇၊ ၁၀၊ ၂၀၀၆) တွင်၎င်း၊ မင်းဇေယျနဲ့ ကိုပြုံးချို တို့အား (၃၀၊ ၁၀၊ ၂၀၀၆) တွင်၎င်း တွေ့ဆုံးဆွေးနွေးရန်ဟု အကြောင်းပြကာ အာဏာပိုင်များက ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

(၂) သို့သော် နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းစာရှင်းလင်းပွဲများတွင် ပါဝင်သည့် ပုဂ္ဂိုလ်များမှ ၎င်းကျောင်းသား ခေါင်းဆောင်များအား အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးနဲ့ ပတ်သက်ပြီး မေးမြန်းရန်ဟု၎င်း နိုင်ငံခြား သံရုံးများမှတဆင့် ငွေကြေး ရယူသည်ဟု၎င်း မှားယွင်းသော ဖော်ပြချင်များဖြင့် တဖက်သတ် စွပ်စွဲပေးထား သည်ကို ထင်ထင်ရှားရှား တွေ့ရသည်။

(၃) ငွေကြေးဆိုင်ရာ စွတ်စွဲချက်များနဲ့ ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံများမှ မဟုတ်မမှန်ကြောင်းကို ရှင်းလင်းပြီး ဖြစ်သည့်အပြင် ကျွန်ုပ်တို့ (၈၈) မျိုးဆက် ကျောင်းသားများ အနေဖြင့်လဲ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို မည်သည့်အချိန်ကမျှ ပတ်သက်ခဲ့ခြင်း၊ လုပ်ဆောင်ခြင်း မရှိပါ။”

(၄) မြန်မာနိုင်ငံရေး သမိုင်းစဉ်တလျှောက် တဖက်သတ်ဆန်သော စွပ်စွဲချက်များဖြင့် ပြည်သူလူထု၏ ဆန္ဒကို မျက်ကွယ်ပြု၍ အင်အားသုံး ဖြေရှင်းမှုများသည် တိုင်းပြည်အတွက် ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေသည်ကို ယနေ့ မြန်မာပြည်သူတရပ်လုံး ကြုံတွေ့နေရသည့် အကြပ်အတည်း ပေါင်းစုံက သက်သေပြနေသည်။

(၅) နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မိမိနဲ့ သဘောထားအမြင် ကွဲလွဲသူများကို အမျိုးမျိုးသော လုပ်ကြံစွပ်စွဲချက်များဖြင့် ဆက်လက်ဖိနှိပ် ချုပ်ခြယ်နေပါက နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်သော နိုင်ငံတော်တရပ် ဖြစ်ပေါ်လာမည် မဟုတ်ပေ။

(၆) ကျွန်ုပ်တို့ (၈၈) မျိုးဆက် ကျောင်းသားများအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ထွန်းကားရေးတို့အတွက် အများပြည်သူ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော ငြိမ်းချမ်းသော နည်းလမ်းများ ကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေကြောင်းကို ပြည်သူလူထုတရပ်လုံးက သိရှိလက်ခံထားပြီး ဖြစ်သည်။

(၇) ထို့ကြောင့် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ချုပ်နှောင်ထားသော ကျွန်ုပ်တို့ (၈၈) မျိုးဆက် ကျောင်းသား ခေါင်းဆောင် (၅) ဦးအား ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလိုက်သည်။

အစသို့

## သာယာဝတီထောင်မှ နှစ်ရှည် နိုင်ငံရေးအကျဉ်းသား (၂) ဦး ကျန်းမာရေး ဆိုးရွာ

*၇ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

သာယာဝတီထောင်တွင် ထောင်နှစ်ရှည် ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားနှစ်ဦး ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည်ဟု ၄င်းတို့မိသားစုဝင်များ၏ ပြောပြချက်အရ သိရပါသည်။ ၄င်းနှစ်ဦးသည် အသက် (၅၀) အရွယ် အစ္စလမ်ဘာသာဝင် ဦးညိုမောင်နှင့် တောတွင်းဆက်သွယ်မှု အကြောင်းပြပြီး ဖမ်းဆီးခံနေရသည့် ဦးဉာဏ်ဝင်းတို့ပင် ဖြစ်ပါ။ ဦးညိုမောင်ကို တောင်ငူဘာသာရေး အဓိကရုဏ်းမှာ ဦးဆောင်ခဲ့သည်ဟုဆိုပြီး ထောင်ချလိုက်ခြင်း ဖြစ်ပါသည်။ နအဖ အကျဉ်းထောင်တိုင်း လိုလိုတွင် ကျန်းမာရေး စောင့်ရှောက်မှုများ ညံ့ဖျင်း နေကြောင်း ပြောဆိုနေချိန်မှာပင် သာယာဝတီ အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား တဦးဖြစ်သူ ဦးညိုမောင် ကျန်းမာရေး ဆိုးရွားနေကြောင်းကို မိသားစုနဲ့ နီးစပ်သူတဦးမှ ယခုလို ပြောပြပါးသည်။

“တောင်ငူက ကိုညိုမောင် လေဖြတ်လို့တဲ့ အပြင်ဆေးရုံကို ထွက်ရတယ်။ ပြီးခဲ့တဲ့ (၂၇) ရက်နေ့ကပါ။ ပြန်ဆင်းသွားပြီ။ ကောင်းတာချည်းတော့ မဟုတ်ဘူး။ အပြင်မှာ Drip တွေ၊ ဘာတွေ၊ သွင်းပြီးတော့ အထဲကို ပြန်ထည့်လိုက်တယ်။ မကောင်းသေးဘဲနဲ့ အထဲကို ပြန်ထည့်လိုက်တဲ့ သဘောပေ့ါ။ သူက ဘာသာရေးဆန့်ကျင်မှုပေ့ါ။ သူက မူစလင်လေ။”

ဦးညိုမောင်သည် သက္ကရာဇ် (၂၀၀၀) ဝန်းကျင်ကတည်းက တောင်ငူမြို့မှ မူစလင်–ဗုဒ အဓိကရုဏ်းကြောင့် ဖမ်းဆီးထောင်ချ ခံနေခဲ့ရခြင်းပါ။ အလားတူပင် သာယာဝတီထောင်မှ အသက် (၄၀) အရွယ် ဦးဉာဏ်ဝင်းသည်လည်း ကျန်းမာရေး ဆိုးရွားနေပါသည်။ မိသားစုနှင့် နီးစပ်သူများ အပြောအရ ဦးဉာဏ်ဝင်းသည် အစာအိမ်ရောဂါ ဖြစ်ပွားနေပြီး ထောင်အပြင်ထုတ် ကုသရမှာ ဖြစ်သော်လည်း

ထောင်အာဏာပိုင်များမှ ခွင့်မပြုကြောင်းသိရပါသည်။ ဦးဉာဏ်ဝင်းသည် မွန်ပြည်နယ် သထုံဇာတိဖြစ်ပြီး၊ တောတွင်းဆက်သွယ်မှုနှင့် (၂၀၀၀) ခုနှစ် ကတည်းက ထောင်နှစ်ရှည် ကျခံနေရကြောင်း သိရပါသည်။ ဦးညိုမောင်နှင့် ဦးဉာဏ်ဝင်းတို့ အခြေအနေ အသေးစိတ် သိရှိနိုင်ဖို့ ယနေ့ သာယာဝတီထောသို့ ဆက်သွယ်မေးမြန်းခဲ့သော်လည်း အဆက်အသွယ် မရခဲ့ပါ။ ယခုလို နအဖ အကျဉ်းထောင်များထဲတွင် နိုင်ငံရေး အကျဉ်း သားများ၏ ကျန်းမာရေး ဆိုးရွားနေသော်လည်း ကောင်းမွန်စွာ ဆေးကုသခွင့် မရသည့်အပေါ် အဖွဲ့ချုပ် လူမှုအထောက် အကူပြု အဖွဲ့ဝင် ဒေါ်လှဲ့လှဲ့မှ သူမ၏အမြင်ကိုယခုလိုပြောပြပါသည်။

"အခုဆိုရင် ထောင်ထဲမှာ ရောက်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ နှစ်ရှည်လများ ပြစ်ဒဏ်တွေ ပေးထား တဲ့လူတွေ ဖြစ်နေတယ်။ ကြာလာတဲ့အခါကျတော့ ရောဂါတွေ အမျိုးမျိုး ဝင်လာတယ်။ သွေးတိုးရောဂါ လူတိုင်းမှာ ရှိတယ်၊ နောက် နှလုံးရောဂါ ရှိတယ်၊ ကျောက်ကပ်တို့ ကူးစက်ရောဂါတို့ ဘယ်အကျဉ်းသားကိုပဲ မေးမေး ဒီရောဂါတွေက သူတို့မှာ ရှိနေကြတယ်။ ဝမ်းကိုက်ရောဂါတွေ ရှိမယ်၊ အစာအိမ်ရောဂါတွေ ရှိမယ်။ အပြင်ဘက်ကို ထုတ်ပြီးတော့ မကုတဲ့ အတွက်လဲဘဲ အကျဉ်းထောင်တွေထဲမှာ ဆုံးသွားကြတဲ့ အကျဉ်းသားတွေဟာလဲ ဖြစ်နေကြပြီ။ အချိန်မီ ကုရင်ကု မကုရင် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်တဲ့ အကျဉ်းသားတွေ ထိလဲထိခိုက်သွားတဲ့ အကျဉ်းသားတွေ အများကြီးပဲလေ။ ဥပမာ၊ နီးနီးစပ်စပ် ပေးမယ်ဆိုရင် ကိုသက်ဝင်းအောင် သူအပြင်ထုတ်ပြီးတော့ ကုသခွင့်ရမယ်ဆိုရင် ဒီလိုကြီး ရုတ်တရက် သေဖို့ အကြောင်း မရှိဘူးလို့ အန်တီက မြင်တယ်လေ။"

ယခုဆိုလျှင် နအဖ အကျဉ်းထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသားပေါင် (၁၂၀၀) တိတိ ရှိသည်ဟု နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **(AAPP)** စာရင်းအရ သိရပါသည်။ အဖွဲ့ချုပ် လူမှုအထောက်အကူပြု အဖွဲ့ဝင် ဒေါ်လှဲ့လှဲ့မှာ ကျန်းမာရေး ဆိုးရွားနေသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးအတွက် နအဖ စစ်အစိုးရ ကို ယခုလို တောင်းဆိုခဲ့သွားကြောင်းပါ။

"သက်ဆိုင်ရာ အာဏာပိုင်တွေ အနေနဲ့လဲ လူသားချင်းစာနာ သင့်ပါတယ်။ သူတို့မှာ ထောင်တွင်းမှာ နေရတဲ့ အတွက် ဒီရောဂါတွေဟာ အခုဆိုရင်၊ ကိုဉာဏ်ဝင်းတို့မှာ အစာအိမ်နဲ့ ပတ်သက်တဲ့ရောဂါ ဖြစ်နေတယ်။ ဒါမဖြစ်မနေ အပြင်ကို ထွက်ပြီးတော့ ကုမှဖြစ်မယ်ဆိုတဲ့ ရောဂါတွေ ကိုခင်မောင်လွင်တို့လို၊ သွေးလွန်နေတယ်။ လိပ်ခေါင်း တကယ် တော့ ဘာမှမဟုတ်ဘူး။ အဲဒီ လိပ်ခေါင်းကနေ သွေးလွန်တယ်။ သွေးတွေ အများကြီး ဆင်းပြီးတော့ အားနည်းပြီးတော့ သေကုန်ကျတယ်။ အဲဒီတော့ သက်ဆိုင်ရာ အာဏာပိုင်များအနေနဲ့ သူတို့ဟာ လူသားချင်းစာနာ သင့်ပြီးတော့ တကယ် ကို အပြင်ကို ထုတ်ပြီးတော့ ကုသဖို့ လိုအပ်တဲ့သူတွေကို အပြင်ကို အမြန်ဆုံး ထုတ်ပြီးတော့ ကုသပေးခြင်းအားဖြင့် အသက်ဆုံးရှုံးမှုတွေကနေ ကာကွယ်နိုင်မယ်။ အပြင်မှာထုတ်ပြီးတော့ ကုသခွင့် ပေးပါလို့ အနူးအညွတ်ကိုပဲ အာဏာပိုင် တွေကို မေတ္တာရပ်ခံချင်ပါတယ်။"

အစသို့

## သံလျှင် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်စန်း အင်းစိန် ထောင်တွင်း ကျန်းမာရေး ဆိုးရွား

*၈ / ဒီဇင်ဘာ / ၂၀၀၆*

အင်းစိန်ထောင်တွင် ထောင် (၅) နှစ် ကျခံနေရသည့် သံလျှင်မြို့နယ် အဖွဲ့ချုပ် တွဲဘက် အတွင်းရေးမှူး ဦးတင်စန်း ကျန်းမာရေး ဆိုးဝါးနေကြောင်း သိရပါသည်။ ဦးတင်စန်းသည် နှလုံးရောဂါကြောင့် သတိလစ် မေ့မြော သည်အထိ ဖြစ်နေကြောင်း အမှုမှာ လိုက်ပါ ကူညီနေသူ ရှေ့နေ ဦးမြင့်သောင်းမှ ယခုလို ပြောပြပါသည်။

"သူက အင်းစိန်ထောင်ထဲမှာ နှလုံးရောဂါ ဖြစ်တာပေါ့လေ။ အဲဒီမှာ နှလုံးရောဂါ ဖြစ်တဲ့အခါကျတော့ သတိလစ်တာတို့၊ ဆေးရုံ ခဏခဏ တက်ရတာတို့ အဲဒါတွေတော့ ရှိနေတာပေါ့။ သူတို့ ဆေးဝါး အလုံအလောက် မရတာရယ်၊ နောက် ဆေးရုံတက်တဲ့အခါမှလဲ ပျောက်အောင် သူတို့က ကုသနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ခဏ ခဏ ဖြစ်တဲ့ရောဂါပေါ့။"

ဦးတင်စန်း ဘာကြောင့် ထောင်ကျခဲ့သည်ဆိုတာကိုလည်း ဦးမြင့်သောင်းမှ ယခုလို ပြောပြပါသည်။

"(၂၀၀၃) ခုနှစ်က သူက ဘိုးတော် ဦးခင်ဝင်း တို့ပေါ့၊ ကမာရွက်ကလေ။ သူတို့နဲ့ ဦးခင်ဝင်းတို့၊ ဒလ ကိုထွန်းရင်တို့ အမှုနဲ့ သူတို့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ (၆) အရ ထောင် (၅) နှစ် ကျခံရတာ။"

ဦးတင်စန်းအမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေဦးမြင့်သောင်း ပြောပြခဲ့ခြင်းပါ။ ဦးတင်စန်း၏ သမီး မမိုးဝါဆိုရင်လည်း ကျေးရွာအာဏာပိုင်များမှ မတရား ရိုက်နှက်ခဲ့ကြသလို အာဏာပိုင်များမှ ဒါဏ်ငွေရိုက် အလုပ် ပါဖြုတ်ခဲ့ကြပါတယ်။ ၎င်းအတွက် ဖခင် ဦးတင်စန်း၏ ထောင်ဝင်စာ ပုံမှန်တွေ့နိုင်ရန် ခက်ခက်ခဲခဲ ရှန်းကန် နေရ ကြောင်းလည်း ဦးမြင့်သောင်းမှ ဒီဗွီဘီကိုပြောပြသွားပါသည်။

အစသို့

## မန္တလေးထောင်၌ နိုင်ငံရေးအကျဉ်းသား တဦးအား ဗာညနျအပ ၍ညအနမညအေသေညဂ္ဂ မှ ဂုဏ်ပြု

*၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

မန္တလေးထောင်တွင် ထောင်ဒဏ် (၅၂) နှစ် ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကျောင်းသား ကိုမျိုးမင်းဇော် လွတ်မြောက်ရေးအတွက် (Amnesty International) နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အမေရိကန်ဌာနခွဲမှ ယ နေ့ညနေပိုင်းတွင် ဂုဏ်ပြု အစီအစဉ်တခု ပြုလုပ်ခဲ့ကြောင်း သိရပါသည်။ ၎င်း ဂုဏ်ပြုအစီအစဉ်ကို နယူးယောက်ရှိ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ရုံးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် နိမ့်ကျသည့် ပညာရေးစနစ်အတွက် ငြိမ်းငြိမ်းချမ်းချမ်းနှင့် တိုက်ပွဲဝင်နေမှုအပေါ် ဂုဏ်ပြုခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသား ကျောင်းသား ကိုမျိုးမင်းဇော် ဂုဏ်ပြုခံရသည့်အပေါ် ကိုမျိုးမင်းဇော်၏မိခင် ဒေါ်မြင့်မြင့်အေးမှ ယခုလို ဝမ်းသာစကား ပြောဆိုထားပါသည်။

"မိခင်တယောက်ဆိုတာ အမြဲတမ်း ကိုယ့်မှာ အကျဉ်းအကြပ် ကျနေတဲ့အခါမှာ သူ့ရဲ့စိတ်းဓါတ် ခွန်အားတခု ပေးလိုက်တယ်လို့ အဲဒီလိုတော့ ခံစားရတယ်ပေ့ါနော်။ အားရှိသွားတာပေ့ါ။ ဘာလို့လဲဆိုတော့ အကျဉ်းထောင်တွေမှာ နေရတာ သူတို့ရဲ့အထဲရဲ့ဒုက္ခ၊ အပြင်ကနေပြီးတော့ သူ့အတွက် ပံ့ပိုးပေးရတဲ့ ဒုက္ခဆိုတာ အင်မတန် ပင်ပန်းကြတာပေ့ါ။ နှစ်တွေကလဲ ကြာလာပြီ။ အဲဒီလို အချိန်မျိုးမှာ ကိုယ့်အတွက်ကို တန်ဖိုးထားပြီးတော့ အသိအမှတ်တခုနဲ့ လုပ်ပေးတယ် ဆိုတာ ကျမတို့က စိတ်ဓါတ်အင်အားလေး ရသွားတဲ့ သဘောမျိုးပေ့ါ။ အခြေအနေကလဲ ICRC က အထဲမဝင်နိုင်ဘူး ဆိုတော့ ရင်တမမပေ့ါ။ အားလုံးကလဲ ကိုယ့်ကလေးတွေကို လွတ်လွတ်လပ်လပ်နဲ့ နေစေချင်ကြမယ်။ အဲဒီတော့ အားလုံး အတွက်ကို ကူညီအားပေးနေတဲ့ အဖွဲ့အစည်းတွေကလဲ ဝိုင်းဝန်းလုပ်ဆောင်နေ ကြတဲ့အတွက် အားလုံးက ကျေးဇူးတင် ကြမှာပါလို့ ဒီနေရာကနေ ဒီကလေးအတွက် မီးမောင်းထိုးပြနေတယ်ဆိုပေမဲ့ အားလုံးအတွက် ကိုယ်စားပြုတယ်လို့ အဲဒီလိုပဲ ခံယူပါတယ်။"

ကိုမျိုးမင်းဇော်၏မိခင် ဒေါ်မြင့်မြင့်အေး ဖြစ်ပါသည်။ အင်္ဂလိပ်စာ ဒုတိယနှစ် ကျောင်းသား ကိုမျိုးမင်းဇော်ကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ဆန္ဒပြတောင်းဆိုမှုနှင့် အာဏာပိုင်များက (၁၉၉၈) ခု စက်တင်ဘာ (၁၄) ရက်တွင် ဖမ်းဆီးလိုက်ခြင်းဖြစ်ပြီး၊ ထောင်ဒဏ် (၃၈) နှစ် ချလိုက်ခြင်း ဖြစ်ပါသည်။ ၎င်းဒီနောက် ထောင်တွင်းတွင်လည်း ကိုမျိုးမင်းဇော်မှ၎င်း၏ ရပ်တည်ချက်အတိုင်း ဆက်လက်တိုက်ပွဲဝင်သည့်အတွက် အာဏာပိုင်များမှ ၎င်းကို ထောင်ဒဏ် (၃၈) နှစ်မှ (၅၂) နှစ်အထိ တိုးချထားခြင်း ဖြစ်ပါသည်။ ၎င်း အခြေအနေနှင့်ပတ်သက်ပြီး ကိုမျိုးမင်းဇော်၏မိခင် ဒေါ်မြင့်မြင့်အေးမှ ယခုလို ပြောပြပါသည်။

"သူဆိုရင် ပိုထူးတယ်ပေ့ါ။ ဘာလို့လဲဆိုရင် (၉၀) ရွေးကောက်ပွဲ ရလဒ်ကို ခိုင်ခိုင်မာမာ စွဲကိုင်ပြီးတော့ ပုသိမ်ထောင်ကနေ မန္တလေးထောင်ကို ပြောင်းရတဲ့ကိစ္စကလဲ အစာတော်ခံ ဆန္ဒပြတဲ့ ကိစ္စ။ (၉၀) ရလဒ်ကို အသိ အမှတ်ပြုပါ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကိုလဲ ပြန်လွှတ်ပေးပါ၊ ထောင်တွင်းမှာရှိတဲ့ အကျဉ်းသားတွေရဲ့ ကျန်းမာရေးကို တာဝန်ယူပေးပါ စသည်ဖြင့် ဒီလို တောင်းဆိုခဲ့တယ် အစာတော်ခံ ဆန္ဒပြပွဲကို လုပ်တဲ့ အတွက်ကြောင့် ပုသိမ်ထောင်ကနေ မန္တလေးကို အရွှေ့ခံရတဲ့ သဘောပေ့ါ။ ဒီလို လူတယောက်ကို ဘာပဲဖြစ်ဖြစ် အာရုံစိုက်ပြုပြီးတော့ လုပ်တယ်ဆိုတာ ကျမတော့ ခံစားမိတယ်လေ။ အမြဲတမ်း သူတို့မှာ စိတ်ပိုင်းဆိုင်ရာအရ အင်မတန် ဖိနှိပ်ခံရတဲ့အတွက် ကျမကတော့ ဒီလိုပဲ ခံစားမိတယ်။ အဲဒီလို ဖြစ်နေတဲ့ ကလေးတယောက် အပေါ်မှာ နိုင်ငံတကာ နားလည်ပြီးတော့ အခုလို ဂုဏ်ပြုပေးတယ်ဆိုတာ ကျမတို့ မိသားစုကို စိတ်ရဓါတ်ခွန်အား ဖြစ်စေတယ်လို့ ကျမက ယူဆ ပါတယ်။ အဲဒီလို လုပ်ပေးတဲ့သူတွေကလဲ ကျေးဇူးတင်ပါတယ်။"

ကိုမျိုးမင်းဇော်၏မိခင် ဖြစ်ပါသည်။ ထို့ပြင် မန္တလေးထောင်မှ ကျောင်းသား ကိုသက်ဝင်းအောင် ဆုံးပြီးနောက်ပိုင်း နောက် ထောင်အတွင်း ၍ဃမ္မဃ အဖွဲ့မှ ဝင်ရောက် စစ်ဆေးခွင့် အပိတ်ခံရပြီး နောက်ပိုင်းတွင်လည်း ကိုမျိုမင်းဇော်သည် ပုံမှန် သွေးပေါင်ချိန် စစ်ဆေးမှု မလုပ်တော့ဘဲ ဆန္ဒပြခဲ့ကြောင်း ပြီးခဲ့သည့် လကုန်ပိုင်းမှ ထောင်ဝင်စာ သွားတွေ့ခဲ့သူ တခြားနိုင်ငံရေး အကျဉ်းသား မိသားစုဝင်များမှ ဒီဗွီဘီကို ပြောပြသွားခဲ့ပါသည်။

အစသို့

## ဘိုကလေး လူ ့အခွင့်ရေးနေ့ အခမ်းအနား ဦးဆောင်ကျင်းပသူများကို ခေါ်ယူစစ်ဆေး

*၁၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ယနေ့ကျရောက်သည့် (၅၈) နှစ်မြောက် နိုင်ငံတကာ လူ့အခွင့်အရေး နှစ်ပတ်လည်နေ့တွင် အခမ်းအနားကျင်းပသည့် ဧရာဝတီတိုင်း ဘိုကလေးမြို့မှ အခမ်းအနား ဦးဆောင် ကျင်းပသူများအား အာဏာပိုင် များမှ ခေါ်ယူစစ်ဆေးခဲ့ကြောင်း မြို့ခံများ၏ ပြောပြချက်အရ သိရပါသည်။ ယနေ့ မနက် (၉) နာရီတွင် ဘိုကလေးမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ ဦးစောဘန်ကူးယ၏နေအိမ်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ အခမ်းအနားအပြီးတွင် အခမ်းအနားမှူးအဖြစ် တာဝန်ယူသူ ဦးမြင့်အေး၊

သဝဏ်လွှာဖတ်ကြားသူ ဒေါက်တာ တင်မင်းထွဋ်နှင့် အိမ်ရှင် ဦးစောဘန်ကူးတို့ကို ခေါ်ယူစစ်ဆေးပြီး နောင် ဒီအခမ်းအနားကို မလုပ်ရန် အာဏာပိုင်များ မှ ဝန်ခံကတိလက်မှတ် ထိုးခိုင်းကြောင်း သိရပါသည်။ ၎င်းအခြေအနေနှင့် ပတ်သက်ပြီး အခမ်းအနား ကျင်းပရာတွင် ပါဝင်ခဲ့သူတဦးမှ ယခုလို ပြောပြပါသည်။

“မနက် (၉) နာရီမှာ အခမ်းအနား စလုပ်တယ်။ အခမ်းအနား အစီအစဉ် (၇) ခုရှိတယ် အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာတယ်။ အခမ်းအနားမှူးအဖြစ် ကိုဇော်ဇော်က ဆောင်ရွက်တယ်၊ သဘာပတိအဖြစ် ဦးမြင့်အေးက ဆောင်ရွက်ပါတယ်။ ပေးပို့လာတဲ့ သဝဏ်လွှာတွေကို ဒေါက်တာတင်မင်းထွဋ်က ဖတ်ပါတယ်။ အခမ်းအနား စတင်ပြီးလို့ (၁၀) မိနစ်လောက် (၉) နာရီ (၁၀) မိနစ် ရှိတဲ့အချိန်မှာတော့ အိမ်ပိုင်ရှင်ဖြစ်တဲ့ ဦးစောဘန်ကူးကို သက်ဆိုင်ရာ အမှတ် (၄) ရပ်ကွက် ရယကတွေက လာခေါ်တယ်။ မြို့နယ်ကော်မရှင်က ခေါ်ခိုင်းလို့ပါဆိုပြီး လာခေါ်တယ်။ ဦးစောဘန်ကူးက အခမ်းအနား လုပ်နေတာ ဖြစ်တဲ့အတွက် မလိုက်နိုင်ဘူးလို့ အခမ်းအနားပြီးမှ လာနိုင်မယ်ဆိုပြီးတော့ ပြောတော့ သူတို့ အခမ်းအနား ဆက်လုပ်တယ်။ အခမ်းအနား အောင်မြင်စွာ ပြီးဆုံးသွားပါတယ်။ အခမ်းအနား လုပ်နေတဲ့အချိန်မှာ အာဏာပိုင်ဘက်က ဘာမှ နှောက်ယှက်တာ မရှိဘူး။ အရပ်ဝတ်နဲ့ လူ (၇၊ ၈) ယောက်တော့ အိမ်ဘေးပတ်ချာလည်မှာ စောင့်ကြည့်တာ ရှိတယ်ပေါ့နော်။ အခမ်းအနား ပြီးသွားလို့ (၁၁) နာရီ (၁၀) မိနစ်လောက်မှာ ဦးစောဘန်ကူးကို လာခေါ်သွားပါတယ်။ မနက်က လာခေါ်တဲ့ အဖွဲ့တွေကပဲပေါ့။ (၁၁) နာရီ မိနစ် (၂၀) လောက်မှာကျတော့ ဦးမြင့်အေးနဲ့ ဒေါက်တာတင်မင်းထွဋ်ကို လာပြီးတော့ ထပ်ခေါ်တယ်။ သူတို့ကို ခေါ်တာက ကော်မရှင်ဥက္ကဋ္ဌလို့ ပြောပါတယ်။ ဒါပေမဲ့ သူတို့သိနေတာက မယကဥက္ကဋ္ဌ ဦးမျိုးချစ်လို့ ပြောပါတယ်။ အဲဒီမှာ ခယကဥက္ကဋ္ဌလဲ ရှိနေတယ်လို့ သိရတယ်။ သူတို့ကို ဥပဒေပုဒ်မတွေ ရွတ်ပြဖတ်တယ်၊ ပုဒ်မ (၅/ည)၊ ပုဒ်မ (၅၀၅/ခ)၊ ပုဒ်မ (၅၀၅/ဂ) နဲ့ ညှိစွန်းနေတယ်ပေါ့နော်။ အဲဒီလို ဆက်ပြီးတော့လုပ်မယ်ဆိုရင် အရေးယူခံရမှာ သိရှိတဲ့အကြောင်း လက်မှတ် ထိုးခိုင်းပါတယ်။”

အခမ်းအနား ကျင်းပရာတွင် ပါဝင်ခဲ့သူတဦး၏ ပြောပြချက် ဖြစ်ပါသည်။ ယခုလို ခြိမ်းခြောက်မှုနှင့် အိမ်ရှင် စောဘန်ကူး၊ ဦးအေးမြင့်နှင့် ဒေါက်တာတင်မင်းထွဋ်တို့အား လက်မှတ် ထိုးခိုင်းပေးပြီးမှ နေ့လည် (၂) နာရီတွင် အာဏာပိုင်များမှ ပြန်လွှတ် ပေးလိုက်ကြောင်း ဘိုကလေးမြို့ခံများမှ ဒီဗွီဘီကို ပြောပြသွားခဲ့ပါသည်။ ဧရာဝတီတိုင်း တွင် ယခုလို ခြိမ်းခြောက်မှုများ ရှိနေသော်လည်း မကွေးတိုင်း ရေနံချောင်းမြို့ တွင်မူ (၅၈) နှစ်မြောက် နိုင်ငံတကာ လူ့အခွင့်အရေးနေ့ကို အတားအဆီးမရှိ ကျင်းပနိုင် ခဲ့ကြောင်း သိရပါသည်။ အခမ်းအနားကို ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်ဝင်း နေအိမ်မှာ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး၊ နတ်မောက်၊ မြို့သစ်၊ မကွေး၊ စကု၊ ချောက်မြို့နယ် များ အဖွဲ့ချုပ်ဝင်များနှင့် ဒေသခံပြည်သူများ ဧည့်ပရိတ်သတ် (၉၀) ကျော် တက်ရောက်ခဲ့သည်ဟု သိရပါသည်။ ဒီအခြေအနေနှင့် ပတ်သက်ပြီး ရေနံချောင်းမြို့နယ်အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးလှမြင့်မှ ယခုလို ပြောပြပါသည်။

“အခမ်းအနားမှာ ဥက္ကဋ္ဌဦးခင်ဝင်းက သဘာပတိအနေနဲ့ အဖွင့်၊ အပိတ် မိန့်ခွန်းလေးတွေ ပြောတယ်။ နောက် နတ်မောက်က တိုင်းစည်းအဖွဲ့ဝင် ဦးမြင့်ဖေ၊ မြို့သစ်က တိုင်းစည်းအဖွဲ့ဝင် ဦးသိန်းဇော်တို့ကလဲ ပါဝင်ဆွေးနွေးကြပါတယ်။ နောက်ထပ်က အဖွဲ့များဖြစ်ကြတဲ့ ကိုမြင့်ဌေး၊ ကိုဝေလွင်ဦး၊ ဘဏ္ဍာရေးမှူး ဦးတင်ကြိုင်ခေါ် ဦးသာချို၊ အထက်ဗမာပြည် လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ကိုမြင့်ငွေတို့ သူတို့ကလဲ ဆွေးနွေးကြပါတယ်။ နောက် ရန်ကုန်မှာ တက်ရောက်နေတဲ့ ရေနံချောင်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဒေါ်ခင်စောဌေးကလဲ လူကိုယ်တိုင် မတတ်နိုင်တော့ သဝဏ်လွှာပေးပြီးတော့ အဖွဲ့ချုပ်အဖွဲ့ဝင် လူငယ်အမျိုးသမီး မအေးအေးမိုးကနေ ဖတ်ကြားတယ်။ နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရေနံချောင်းက လူငယ်နှစ်ယောက် ဖြစ်ကြတဲ့ ကိုထွန်းမင်းရယ်၊ နောက်တယောက်ရယ် သူတို့ကတော့ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၂၇) ပိုဒ်ကို သူတို့ကနေ တက်ရောက်လာတဲ့ ပရိသတ်ကို ဖတ်ကြားပြပါတာတွေ လုပ်ကြပါတယ်။”

အခမ်းအနား အခြေအနေနှင့်ပတ်သက်ပြီး အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးလှမြင့်၏ ပြောပြချက် ဖြစ်ပါသည်။ ယခု လို အတားအဆီးမရှိ လူ့အခွင့်အရေးနေ့ကို လုပ်ဆောင်နိုင်သည့်အတွက် ရေနံချောင်းမြို့နယ် အာဏာပိုင်များအား အထူးကျေးဇူးတင်ရှိကြောင်း ဦးလှမြင့်မှ ဆက်ပြော ပါသည်။ ထို့အပြင် အခမ်းအနားတွင် ပြည်သူများကို ကုလသမဂ္ဂမှ ထုတ်သည့် လူ့အခွင့်အရေး ကြေညာစာတမ်းကို ဝေငှပေးခဲ့သည်ဟုလည်း ရေနံချောင်းမြို့နယ် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးလှမြင့်မှ ဒီဗွီဘီကို ပြောပြသွားခဲ့ပါသည်။

အစသို့

## လူထုဆန္ဒ လက်မှတ် ကောက်ခံသူတဦး ထောင်ဝင်စာ တွေ့ခွင့်မရ

၁၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆

လက်မှတ်ထိုး ဆန္ဒပြုလှုပ်ရှားမှုကြောင့် တောင်ငူထောင်တွင် နှစ်ရှည်ကျခံနေရသူ ကိုဝင်းကို ဖမ်းဆီးခံနေရသည်မှာ (၂) လကျော်တဲ့အထိ မိသားစုနှင့် တွေ့ခွင့်မရသေးကြောင်း သိရပါသည်။ ထို့ကြောင့် မိသားစုက စိုးရိမ် ပူပန်နေကြကြောင်း သိရပါသည်။ တောင်ငူထောင်တွင် ရှိနေသည့် ကိုဝင်းကိုကို ၄င်း၏ မိသားစုများ ထောင်ဝင်စာ တွေ့ခွင့်မရသေးသည့်အပေါ် ဦးလေးတော်စပ်သူ ဦးဝင်းမောင်မှ ဤခုလို ပြောပြပါသည်။

"ကိုဝင်းကိုနဲ့ ပတ်သက်လို့က ကျနော်က မှတ်ပုံတင် ပျောက်နေတော့ သူ့ဦးလေးအရင်း တော်စပ်တဲ့ အကြောင်း အဲဒီလို ထောက်ခံစာ လုပ်ပြီးတော့ ယူသွားတော့လဲ မခိုင်လုံဘူး ဆိုပြီးတော့ မတွေ့ရဘူး။ အောက်တို ဘာ (၆) ရက်နေ့ ဖမ်းပြီးကတည်းက ဒီနေ့ ကာလထိအောင် သူ့ကို မတွေ့ရတော့ သူ့အတွက်တော့ စိုးရိမ်တာ ပေ့ါ။"

(၂) လကျော် ကြာသည့်တိုင်အောင် မိသားစုနှင့် တွေ့ခွင့်မရသေးသည့်အပေါ် တောင်ငူအကျဉ်းထောင်ကို ဆက်သွယ် မေးမြန်းသည့်အခါ – – –

"ဟလို တောင်ငူအကျဉ်းထောင်ကပါ။ ဘယ်ကလဲ ဆက်တာလဲ။"

ဒီဗွီဘီ ။ ။ ဒီမိုကရက်တစ် မြန်မာ့အသံကပါ။ ထောင် (၁၄) နှစ် ကျခံနေရတဲ့ ရေသပြာရွာက ကိုဝင်းကို ထောင်ဝင်စာ တွေ့ခွင့်မရသေးဘူးလို့ ကြားရလို့ အဲဒီကိစ္စနဲ့ ပတ်သက်လို့ မေးချင်လို့ပါ။

"–– (ဘာမှ ဖြေဆိုခြင်း မရှိဘဲ ဖုန်းချသွားသည်။) တာဝန်ကျ ထောင်ဝန်ထမ်းတဦးပါ။ နောက်ထပ် အကြိမ်ကြိမ် ဖုန်းဆက်သွယ်ခဲ့သော်လည်း ဖုန်းကိုင်ခြင်းမရှိတော့ပါ။ အာဏာပိုင်များသည် လက်ပံတန်းဘူတာတွင် ကိုဝင်းကိုကို ခဲ့ထီလောင်းကစားမှုနှင့် စတင်ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်။ ၄င်း၏ ဦးလေး ဦးဝင်းမောင်မှ ကိုဝင်းကိုသည် လောင်းကစား မပါရုံတင် မကဘဲ လောင်းကစားမှုများကို ဒေသတွင်းမတွင် ဆန့်ကျင်နေသူတဦး ဖြစ်ကြောင်း ကို ယခုလို ပြောဆိုပါသည်။

"မောင်ဝင်းကိုဟာ အရက်လဲမသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ကွမ်းမစားဘူး။ သူ အရှုံမုန်းဆုံးဖြစ်တဲ့ ခဲ့၊ နှစ်လုံး အဲဒီကိစ္စကို အမြဲတမ်း သူကိုယ်တိုင်ကနေ ဒီဒုစရိုက် လုပ်ငန်းတွေနဲ့ ပတ်သက်လို့ အတတ်နိုင်ဆုံး ရှောင်ရှားဖို့ကို အမြဲတမ်းပြောတယ်။ သူရှိတဲ့ အခါမျိုးမှာ နှစ်လုံးမထိုးရဲတာတို့ ကျနော်တို့ ဆွေမျိုးတွေပေ့ါလေ။ ပြောမယ်ဆိုရင် နီးစပ်တဲ့ အပေါင်းအသင်းတွေပေ့ါ။ အဲဒီလောက် အဆင့်ထိအောင်။ သူ့ကြောင့်လဲပဲ ကျနော်တို့ နေရာမှာ လောင်းကစားမှုနဲ့ ပတ်သက်လို့ ပပျောက်သင့်သလောက်လဲ ပပျောက်တယ်။ လုပ်ကြံပြီးတော့ အခုလိုမျိုး ခံရတယ်ဆိုတော့ ကျနော်တို့လဲ စိတ်မကောင်းဘူး။ ကျနော်တို့ စိတ်မကောင်းသလို ကျနော်တို့ ဆွေစုမျိုးစု တနယ်လုံးမှာ ဒါမတရားတဲ့ လုပ်ရပ်ပဲ ဆိုပြီးတော့ အားလုံးက သိပြီးတော့ စိတ်မကောင်းကြရှာပါဘူး။"

ကိုဝင်းကိုနှင့် ကိုဖြိုးဇော်လတ်တို့ ကိစ္စနှင့် ပတ်သက်ပြီး ကိုဝင်းကို၏ ဦးလေး ဦးဝင်းမောင်မှ နအဖ အကြီးအကဲများကိုလည်း ယခုလို ပန်ကြား ပြောဆိုသွားခဲ့ပါသည်။

"နိုင်ငံတော် အကြီးအကဲတွေကို သိအောင်လို့ ပြောချင်ပါတယ်။ မောင်ဝင်းကိုနဲ့ မောင်ဖြိုးဇော်လတ်တို့ ကိစ္စဟာ လုံးဝမတရားဘူးလို့ ပြောချင်တယ်။ လက်မှတ်ရေးထိုးမှု ကိစ္စနဲ့ တနိုင်ငံလုံး လုပ်ကြတဲ့ ကိစ္စပဲ။ လက်မှတ်ထိုးတယ်ဆိုတာကလဲ သူတို့ကိုယ်တိုင်က စိတ်ပါဝင်စားစွာနဲ့ လုပ်ကြတဲ့ကိစ္စပါ။ တကယ်လို့သာ ဒီအမှုမှာ မှန်မှန်ကန်ကန်နဲ့ ဖြစ်လာမယ်ဆိုရင် ကျနော်တို့က ဝမ်းသာရမှာပေ့ါလေ။ ဘာဖြစ်လို့လဲဆိုတော့ အယူခံခွင့် မရတာတို့၊ ကာယကံရှင် တယောက်အနေနဲ့ သက်သေ၊ နောက်တခုက ရှေ့နေရဲ့ ပြောပိုင်ဆိုပိုင်ခွင့် အားလုံး အခွင့်အရေးတွေ ဆုံးရှုံးရတယ်။ မှန်မှန်ကန်ကန် ဖြစ်လာမယ်ဆိုရင်တော့ ကျေနပ်စရာပေ့ါ။ ဒါပါပဲ ကျနော် ပြောချင်တာကတော့။"

လက်မှတ်ထိုး လှုပ်ရှားမှုကြောင့် ထောင်နှစ်ရှည်ကျခံနေရသည့် ကိုဝင်းကို၊ ကိုဖြိုးဇော်လတ် တို့အတွက် ရှေ့နေလိုက်ခွင့်လည်း မရသေးသည့်အပြင် အကျိုးဆောင်ရှေ့နေကြီး ဦးခင်မောင်ရင်နှင့်လည်း ယနေ့အထိ တွေ့ခွင့်မရသေးကြောင်း ဦးဝင်းမောင်မှပင် ပြောပြသွားခဲ့ပါသည်။

အစသို့

## နှစ်ရှည်နိုင်ငံရေးအကျဉ်းသား တဦးကို ပူတာအိုထောင် ပြောင်းရွှေ့

*၁၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

နှစ်ရှည် နိုင်ငံရေးအကျဉ်းသား ကိုမျိုးမင်းဇော်ကို မိဘဆွေမျိုး အသိုင်းအဝိုင်းများနှင့် ဝေးရာ ပူတာအိုထောင်ကို အာဏာပိုင်များမှ ပြောင်းရွှေ့ လိုက်တယ်ကြောင်း သိရပါသည်။ နိုင်ငံရေးအကျဉ်းသား ကိုမျိုးမင်းဇော်ကို ထောင်အာဏာပိုင်များမှ မန္တလေး ထောင်မှတဆင့် ကချင်ပြည်နယ် မြစ်ကြီးနားထောင်သို့ ပြောင်းရွှေ့ခဲ့သည်ဟု မိခင် ဒေါ်မြင့်မြင့်အေးမှ ပြောပြခဲ့ပါသည်။

"အခု မန္တလေးထောင်မှာ မရှိတော့ဘူးလို့ ကြားတယ်။ မြစ်ကြီးနားကို ရောက်နေပြီတဲ့ မြစ်ကြီးနား ကတဆင့် ပူတာအိုကို ပို့မယ်လို့ အဲဒီက အသိတယောက်က လှမ်းပြီးတော့ ဖုန်းဆက်တယ်။"

ကိုမျိုးမင်းဇော်သည် မကြာသေးခင်ကမှ မန္တလေးထောင်အတွင်းတွင် သေဆုံးခဲ့သည့် ကျောင်းသားခေါင်း ဆောင် ကိုသက်ဝင်းအောင်နှင့်အတူ (၁၉၉၈) ခုနှစ် စက်တင်ဘာလ (၁၄) ရက်နေ့မှာ အဖမ်းခံခဲ့ရပြီး ထောင်ဒဏ် (၅၂) နှစ် ကျခံနေရသူ ဖြစ်ပါသည်။ ကျောင်းသားလူငယ် ညီညွတ်ရေးတပ်ဦး၏ ဥက္ကဋ္ဌဖြစ်ပြီး၊ ပြည်သူ့လွှတ်တော် ခေါ်ယူရေး၊ စစ်အာဏာရှင် အလိုမရှိ စသည့် ကြေညာချက်တွေကို ထုတ်ပြန်ခဲ့သူလည်း ဖြစ်ပါသည်။ ရန်ကုန်မှာရှိသည့် မိသားစုနှင့်ဝေးရာ ကချင်ပြည်နယ်ကို ပြောင်းရွှေ့လိုက်သည့်အပေါ် ဒေါ်မြင့်မြင့်အေးက အခုလို ပြောပါသည်။

"ရန်ကုန်မှာ ထောင်ရှိလျှက်သားနဲ့ ရန်ကုန်ကလူကို မန္တလေးပို့တယ်၊ မန္တလေး နေတဲ့သူ တောင်ပို့တယ်၊ မြောက်ပို့တယ်ဆိုတာက ရှင်းနေပါတယ်။ (၁၀) မိုင် ခရီးဝေးတာတောင် ဒုက္ခဖြစ်တယ်။ မိုင် (၂၀) တို့၊ (၃၀) တို့၊ (၅၀) တို့ အဲဒီခရီး ဒုက္ခကို စဉ်းစားကြည့်ပေါ့။"

ထောင်ဝင်စာအား တလနှစ်ကြိမ် တွေ့ခွင့်ရမည် ဆိုသော်လည်း မန္တလေးကတည်းက အခက်အခဲ ဖြစ်ခဲ့သည်မို့ ပိုဝေးသည့်အရပ်ကို ပို့လိုက်သည့်အပေါ် ယခုလို ဆက်လက် ဝေဖန်ပါသည်။

"တလနှစ်ကြိမ် တွေ့ခွင့်ရပေမဲ့ ခရီးဝေးလို့ တလတကြိမ်တောင် မနည်းသွားရတာ။ ပူတာအိုဆိုရင် ပိုဆိုး သွားပြီပေါ့နော်။ အဲဒီတော့ သူ့အတွက် စားရေးသောက်ရေး၊ ကျန်းမာရေးအတွက် မိသားစုမှာ သော ကဗျာပါဒများရတာပေါ့။ ပြုသူသည်အသစ် ဖြစ်သူသည် အဟောင်းပေါ့။ အဲဒီတော့ ကိုယ့်ရဲ့ဘဝ ဝဋ်ကြွေးရှိတာ ခံနိုင်ရည်ရှိအောင် ကြိုးစားရမှာပေါ့။ သူတို့ လုပ်တဲ့အလုပ်က သူတယောက်ထဲ မဟုတ်ဘဲနဲ့ တတိုင်းလုံးတပြည်လုံးရဲ့ အခက်အခဲ အကြပ်အတည်းတွေ လွတ်မြောက်ရေးအတွက်၊ စနစ်ကောင်းကောင်းလေး ရရေးအတွက် အုတ်တချပ်၊ သဲတပွင့် လုပ်ကြတယ်ဆိုတော့ ဒီအပေါ်မှာ ဒီလို အကျိုးဆက်တွေ ခံစားရတာဟာ ပြုသူသည်အသစ် ဖြစ်သူသည် အဟောင်းလို့ပဲ အောက်မေ့ပါတယ်။"

အကျဉ်းသားများအား မိသားစုနှင့် နီးစပ်ရာ ဒေသများတွင် ထားရှိရမည်ဖြစ်ကြောင်း သတ်မှတ် ပြဌာန်းခဲ့သော် ပိုမိုဝေးလံသည့် နေရာများသို့ ပြောင်းရွှေ့နေသည့်အပေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (ဗမ) မှ အာဏာပိုင်များအား ရှုတ်ချလိုက်ပါသည်။

"ဝေးခံခေါင်သီတဲ့ ဒေသတွေကို ထောင်ပြောင်းနေတာကတော့ နိုင်ငံရေးလုပ်နေတဲ့ သူတွေကို ဒုက္ခရောက်အောင်လို့ တမင်တကာ အညှိုးရှိရှိနဲ့ လုပ်နေတယ်လို့ ကျနော်တို့ အဲဒီလို မြင်ပါတယ်။ ဒီလို လုပ်ရပ်မျိုးကို ပြင်းပြင်းထန်ထန်ကို ရှုတ်ချပါတယ်။"

ဗမ အတွင်းရေးမှူး ကိုတိတ်နိုင် ဖြစ်ပါသည်။ ၄င်းသတင်းနှင့် ပတ်သက်၍ မန္တလေး၊ မြစ်ကြီးနား အကျဉ်းထောင်များအား ဆက်သွယ်မေးမြန်းရာတွင် – –

"ဟလို အမိန့်ရှိပါ။"

ဒီဗွီဘီ ။ ။ မန္တလေး အကျဉ်းထောင်ကပါလား။ "ဟုတ်ပါတယ်။"

ဒီဗွီဘီ ။ ။ ကိုမျိုးဇော်ကို မြစ်ကြီးနားထောင်ကို ပို့လိုက်တယ်လို့ ကြားလို့ ဟုတ်ပါသလား။

"အဲဒါ ကျနော်တို့ ပြောလို့မရဘူး။" ဆက်လက် ဖြေဆိုခြင်း မရှိဘဲ ဖုန်းချသွားပါတယ်။ "အမိန့်ရှိပါ။ မြစ်ကြီးနား အကျဉ်းထောင်ကပါ။"

ဒီဗွီဘီ ။ ။ ကျနော် နော်ဝေအေသံလွှင့် ဌာနကပါ။ အဲဒီမှာ နှစ်ရှည်အကျဉ်းသား ကိုမျိုးမင်းဇော် ရောက်လာတယ်ကြားလို့ပါ။ ဟုတ်ပါသလား။

"ခဏလေးနော် ကျနော်က သိပ်မသိဘူး။"

ကိုမျိုးမင်းဇော်ကို ယခုလ (၉) ရက်နေ့တွင် မြစ်ကြီးနားထောင်ကို ပြောင်းရွှေ့ခဲ့ပြီး ယနေ့ လေယာဉ်နှင့် ပူတာအိုထောင်ကို ထပ်မံပို့ဆောင်အုန်းမည်ဟု စုံစမ်းသိရှိရပါသည်။

အစသို့

မော်လမြိုင်ထောင်တွင် အစာငတ်ခံဆန္ဒပြနေသည့် နိုင်ငံရေးအကျဉ်းသား နှစ်ဦးကို ထောင်အာဏာပိုင်များမှ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း ထောင်နှင့် နီးစပ်သူများ အပြောအရ သိရပါသည်။ အစာငတ်ခံ ဆန္ဒပြနေသူ နှစ်ဦးမှာ မြဝတီမြို့မှ ဦးစံမြင့်နှင့် ကျောင်းသားခေါင်းဆောင် တဦးဖြစ်သည့် မျိုးသူရထွန်းတို့ ဖြစ်ပါသည်။ နိုင်ငံရေး အကျဉ်းသား များအား ရာဇဝတ်သားများနှင့် ရောထားသည့်အပေါ် ကန့်ကွက်သည့်အနေနှင့် ပြီးခဲ့သည့် အပတ်ကတည်းတွင် ယခုလို အစာငတ်ခံ ဆန္ဒပြနေခြင်း ဖြစ်ကြောင်း ထောင်နှင့်နီးစပ်သူများမှ ပြောပါသည်။ ဆန္ဒပြရမလား ဆိုပြီး ထောင်ပိုင်ကိုယ်တိုင် ဝင်ရောက်ရိုက်နှက်ခဲ့၍ နှစ်ဦးစလုံး ဒဏ်ရာများရခဲ့သည်ဟုဆိုပါသည်။ အစာငတ်ခံ ဆန္ဒပြသည့် နိုင်ငံရေးအကျဉ်းသား များအား ရိုက်နှက်သည့်အပေါ် မကျေနပ်သည့် အခြား နိုင်ငံရေးအကျဉ်းသားများမှ ပူးပေါင်းဆန္ဒပြ ရန် ကြိုးစားခဲ့သည်ဟု ထောင်နဲ့နီးစပ်သူများမှ ပြောပါသည်။ ယခုထိ အစာငတ်ခံ ဆန္ဒပြပွဲ လုပ်နေတုန်းလား ဆိုသည့်အမေးကိုမူ ထောင်နှင့်နီးစပ်သူများမှ ပြောမပြနိုင်ခဲ့ပါ။ သို့ပေမဲ့မော်လမြိုင်ထောင်ထဲတွင် အခြေအနေများ ရှုပ်ထွေးနေခြင်း သေချာသည်ဟု အတည်ပြု ပြောဆိုပါသည်။ မော်လမြိုင် ထောင်ပိုင်ရုံးကို ဆက်သွယ်မေးမြန်းခဲ့သော်လည်း ဖုန်းအဆက် အသွယ် မရသေးပါ။

အစသို့

## ဦးဝင်းတင်အား မီဒီယာလွတ်လပ်ခွင့်ဆု ချီးမြှင့်

*၁၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

နိုင်ငံရေး ယုံကြည်ချက်အတွက် ဖမ်းဆီးခံနေရသည်မှာ (၁၈) နှစ်နီးပါး ရှိနေပြီဖြစ်သည့် အင်းစိန်ထောင်မှ သတင်းစာဆရာကြီး ဦးဝင်းတင်အား ပြင်သစ်အခြေစိုက် နယ်ခြားမဲ့ သတင်းသမားများ ကာကွယ်ရေးအဖွဲ့မှ မီဒီယာလွတ်လပ်ခွင့်ဆု ချီးမြှင့်လိုက်ကြောင်း သိရပါသည်။ မနေ့ညနေပိုင်း ပါရီမြို့တွင် ပြုလုပ်သည့် အခမ်းအနားမှ ယ ခုလို ရွေးချယ်လိုက်ခြင်း ဖြစ်ပါသည်။ နယ်ခြားမဲ့သတင်းသမား ကာကွယ်ရေးအဖွဲ့ **RSF** နှင့် ပြင်သစ် ဖောင်ဒေးရှင်း အဖွဲ့များမှ ပူးတွဲချီးမြှင့်သည့် (၁၅) ကြိမ်မြောက် ဆုပေးပွဲတွင် ဆုအမျိုးအစား (၄) ခု ပါဝင်ခြင်းကို တွေ့ရပါသည်။ သတင်းထောက် လွတ်လပ်ခွင့်ဆုအဖြစ် မြန်မာနိုင်ငံမှ ဦးဝင်းတင်၊ သတင်းအဖွဲ့အစည်း လွတ်လပ်ခွင့်ဆုအဖြစ် ရုရှားနိုင်ငံမှ နိုဗာယာဂေဇက် **(Novaya Gazeta)/** သတင်းလွတ်လပ်ခွင့် ကာကွယ်သူအဖြစ် ကွန်ဂို နိုင်ငံမှ **(Journalist in Danger)** အဖွဲ့သည် အစိုးရနှင့် သဘောထားကွဲသည့် သတင်းများကို အင်တာနက်တွင် တင်နိုင်သူဆု အဖြစ် ကျူးဘားနိုင်ငံတွင် ဂူလာမို ဖာရီနာ ဟာနန်ဒက် **(Guillermo Farinas Hernandez)** တို့အား ချီးမြှင့်လိုက်ခြင်း ဖြစ်ပါသည်။ ၎င်း ဆုတခုစီအတွက် ယူရိုငွေ (၂၅၀၀) စီ ပေးအပ်ခဲ့ကြောင်းလည်း သိရပါသည်။ အသက် (၇၆) နှစ် ကျော်နေပြီဖြစ်သည့် ဦးဝင်းတင်အား ဟံသာဝတီ သတင်းစာအယ်ဒီတာ၊ ဟံသာဝတီဝင်းတင်အဖြစ် လူသိများခဲ့ပြီး၊ သတင်းစာလောက ကရော၊ နိုင်ငံရေး အသိုင်းအဝိုင်းကပါ လေးစားခံခဲ့ရသူ တဦးဖြစ်ပါသည်။ (၁၉၈၈) အရေးတော်ပုံနောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းသည့် အခါတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဦးဝင်းတင် ပါရှိလာပါသည်။ ၎င်းသည် တတ်သိပညာရှင် အဖွဲ့ကို ဦးဆောင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်အကြံပေးလည်း ဖြစ်ခဲ့ပါသည်။ (၁၉၈၉) ဇူလိုင်လ (၄) ရက် နေ့တွင် စစ်ထောက်လှမ်းရေးမှ ၎င်းကိုဖမ်းဆီးပြီး ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခဲ့ပါသည်။ အကျဉ်းထောင်အတွင်းမှ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ်ဆီ စာရေးခဲ့သည့်အတွက် နှိပ်စက်မှုများ ခံခဲ့ရကြောင်းလည်း သိရပါသည်။ ထို့အပြင် ၎င်းကို လွှတ်ပေးမယ် ပြောပြီး၊ အကျဉ်းထောင်ပေါက်ဝအထိ ခေါ်လာပြီးမှ ပြန်လည်ဖမ်းဆီးခြင်းမျိုးကိုလဲ စစ်အစိုးရမှ ပြုလုပ်ခဲ့ပါသည်။ စာနယ်ဇင်း လွတ်လပ်ခွင့်အတွက်ရော၊ နိုင်ငံရေး လွတ်လပ်ခွင့်အတွက်ပါ ယုံကြည်ချက် ခိုင်မာလွန်းသူ ဦးဝင်းတင်ကို နိုင်ငံတကာ အဖွဲ့အစည်းများမှ ယခုလို ဆုချီးမြှင့်နေခြင်းဖြစ်ပြီး၊ (၂၀၀၀) ခုနှစ်မှာ ယူနက်စကို အဖွဲ့မှ ပေးတဲ့ဆု၊ (၂၀၀၁) တွင် ရွှေကလောင်ဆုနှင့် ယခု နယ်ခြားမဲ့သတင်းသများ အဖွဲ့မှပေးသည့် သတင်းသမားဆုများကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ခုဆက်ပြီး ဦးဝင်းတင် ဆုရရှိသည့်အပေါ် ၎င်းကို ကူညီနေသူများ၊ ၎င်း၏ လုပ်ဖော်ကိုင်ဖက် သတင်းသမားများ၊ နိုင်ငံရေးသမားများ၏ အမြင်ကို တင်ပြလိုပါသည်။ ပထမဆုံး ဦးဝင်းတင်အား (၂) ပတ်တကြိမ် ထောင်ဝင်စာ သွားတွေ့နေသည့် ဦးမောင်မောင်ခင်၏ အမြင်ကို နားဆင်နိုင် ပါသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာ (၂) ရက်နေ့က သွားတွေ့တယ်လေ။ တွေ့တော့ သူကျန်းမာရေး ကောင်းပါတယ်။ ထွေထွေထူးထူး ဘာဖြစ်တာ မရှိပါဘူး။ အစားအသောက်တွေလဲ နည်းနည်းပါးပါး စားနိုင်ပါတယ်။ အထူးဆောင်မှာ အခန်းတခန်းထဲ နေရတယ်။ စာစောင်ကတော့ စာပေစိစစ်ရေးက တရားဝင်ခွင့်ပြုပြီးတော့ ထုတ်ဝေတဲ့ဟာ မှန်သမျှ အကုန်ဖတ်လို့ ရတယ်။ ရေးတာတော့ မရဘူး။ ရေးတာရရင်တော့ သိပ်ကောင်းတာပေါ့။ ဒီလောက် နှစ်ပေါင်းများစွာ အတွေ့အကြုံက ရေးလို့များရရင် ဘယ်လောက်များ အဖိုးတန်မလဲ။"

ဦးဝင်းတင်အား (၂) ပတ်တကြိမ် ထောင်ဝင်စာ သွားတွေ့နေသူ ဦးမောင်မောင်ခင် ဖြစ်ပါသည်။ ယခု ဆက်တင်ပြမည်မှာ ဦးဝင်းတင်၏ စာပေရဲဘော်လည်းဖြစ်၊ နိုင်ငံရေး လုပ်ဖော် ကိုင်ဖက်လည်းဖြစ်သည့် နိုင်ငံရေးအကျဉ်းသားဟောင်း လွှတ်တော်ကိုယ်စားလှယ် ဦးစိန်လှဦးပင် ဖြစ်ပါသည်။

"ကျနော်တို့ သတင်းလုပ်ငန်း၊ စာနယ်ဇင်း လုပ်ငန်းနဲ့ ပတ်သက်လို့တော့ အင်မတန်တိကျ၊ အင်မတန်ရိုး သားပြီး၊ အင်မတန် ဖြောင်မတ်တည်ကြည်တဲ့ ပုဂ္ဂိုလ်တယောက်ပါ။ နောက် လူငယ်စာနယ်ဇင်းသမားတွေ နမူနာ ယူရတဲ့ ပုဂ္ဂိုလ်တယောက်ပါပဲ။ အဲဒါထက် ပိုပြီးတော့ ကြီးမြတ်တာကတော့ ဒီမိုကရေစီ အရေးတော်ပုံမှာ ရှုပ်ရှုပ်ချွန်ချွန် ပြောင်ပြောင်မြောက်မြောက် ရှေ့တန်းကနေပြီးတော့ စာနယ်ဇင်းတာဝန်လဲ ကျေတယ်၊ ဒီမိုကရေစီ တာဝန်လဲ ကျေပွန်တဲ့ ပုဂ္ဂိုလ်တယောက်ပါ။ ပြီးတော့ ကျနော်တို့ အဖွဲ့ချုပ်ကြီး လူထုထောက်ခံမှုရအောင်၊ အဖွဲ့ချုပ်မှာ ဩဇာတိက္ကမရှိအောင်၊ အဖွဲ့ချုပ်ကို လူထုကလေးစားအောင်၊ အဖွဲ့ချုပ်ကို လူထုကချစ်ခင် မြတ်နိုးအောင် စည်းရုံးဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တယောက်လဲ ဖြစ်ပါတယ်။ သူ့လို ပုဂ္ဂိုလ်ပါလို့လဲ လူထု ထောက်ခံမှု ရခဲ့တာ ဖြစ်ပါတယ်။ တချိန်ထဲမှာပဲ လူထုခေါင်းဆောင်၊ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လဲ အင်မတန် အတွဲအဖက်ညီပါတယ်၊ အပေးအယူ မျှပါတယ်။ ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျနော်တို့ အဖွဲ့ချုပ်က လူထုထောက်ခံမှု ရခဲ့တာပါပဲ။ ကျနော်တို့က ဒီမိုကရေစီ အရေးတော်ပုံမှာ ဘယ်လောက်ပေးဆပ်ခဲ့ရလဲ သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေ ပင်လယ်ဝေအောင် ကျနော်တို့ ပေးဆပ်ခဲ့ရတယ်။ အဲဒီအဆင့်မှာ ဆရာဦးဝင်းတင်ဟာ ဒီကနေ့ ထောင်ထဲမှာ ဆရာဦးဝင်းတင် သတင်းစာဆရာအဖြစ်နဲ့ ဒီနေ့ ဆုတွေ ပေးကြတာ၊ ပေးတယ်လို့ ကြားရတာ ကျနော်တို့ အင်မတန် နှစ်ထောင်းအားရ ဖြစ်ပါတယ်။ ကျနော်တို့ စာနယ်ဇင်းလောကကို ကူညီဆောင်မခြင်းလဲ ဖြစ်တယ်၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို တိုက်ပွဲဝင်နေတဲ့ စာနယ်ဇင်းသမားတွေအတွက် အင်အားလဲဖြစ်တယ်။ တချိန်တည်းမှာပဲ ကျနော်တို့ ဒီမိုကရေစီ အရေးတော်အတွက် အင်အားလဲ ဖြစ်ပါတယ်၊ စွမ်းအားလဲ ဖြစ်ပါတယ်၊ အထောက်အကူ ဖြစ်ပါတယ်လို့ လေးလေးစားစား ရှင်းပြချင်ပါတယ်။"

ဦးဝင်းတင်၏ စာပေရဲဘော် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် ဦးစိန်လှဦး၏ ခံစားချက် ဖြစ်ပါသည်။ ယခုနောက်ဆုံး တင်ပြပေးမည်မှာ သတင်းစာဆရာကြီး လူထုစိန်ဝင်း၏ ခံစားချက်ပင် ဖြစ်ပါသည်။

"ဆရာနဲ့ အင်မတန် ရင်းနှီးတယ်၊ ညီအကိုလို နေတဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်တယ်။ တင်းပြည့် လွှတ်စေချင်တာပေါ့။ အခုက အသက်ကလဲ (၇၆) နှစ် ရှိလာပြီလေ။ အထဲမှာ နေရတာ ဘယ်လိုနည်းနဲ့မှ ဒီအသက်အရွယ်နဲ့ မလိုက်ဖက်တော့ဘူးလေ။ မြန်မြန်လွှတ်စေချင်ပါတယ်။ ဆရာဟာ အင်မတန်မှ စိတ်သဘောထားလဲ မြင့်မြတ်တဲ့လူပါ။ ဘဝတလျှောက်လုံးမှာ သူ့ကိုယ်ကျိုးစီးပွားအတွက် လုပ်ခဲ့တာ ဘာမှကို မရှိပါဘူး။ တိုင်းပြည်အတွက်၊ သတင်းစာလောကအတွက်ပဲ ဘဝကို နှစ်မြှုပ်ပြီး လုပ်ခဲ့တာ။ သူ့ခေတ်မှာ သူ့လောက်တော်တဲ့လူ၊ သူ့လောက်ကောင်းတဲ့လူ ဘယ်သူမှ မရှိဘူးလို့ ဆရာပြောရဲတယ်။ အယ်ဒီတာ တယောက်ပေါ့လေ။ အဲဒီ အယ်ဒီတာတယောက် အဖမ်းခံရလို့ ထောင်ထဲ ရောက်သွားတဲ့အချိန်မှာ သူလခအကုန်လုံးကို အဲဒီအဖမ်းခံရတဲ့ မိသားစုကို အကုန်လွှဲပေးလိုက်တာ။ သူကတော့ ဖြစ်သလိုနေတယ်၊ ဖြစ်သလိုစားတယ်၊ သူ့မှာ ကိုယ်ပိုင်ရယ်လို့ ဘာမှမရှိပါဘူး။ အင်မတန် စိတ်သဘောလထား မြင့်မြတ်တဲ့လူပါ။ ဒီလို တိုင်းပြည်အပေါ်မှာ အင်မတန် စိတ်သဘောထား ထားတဲ့လူမျိုး ဒီလိုလူမျိုးကို ဒီလို အကြာကြီး မထားသင့်ပါဘူး။ ရှေးတုန်းက ဆိုရိုးစကား ရှိပါတယ်။ ပြည့်ဦးနှောက်ကို ဖောက်မစားရတဲ့။ ဦးဝင်းတင်က ဒီလို ပြည့်ဦးနှောက်နဲ့ တူတဲ့လူပါ။ အဲဒီတော့ မြန်မြန် လွှတ်စေချင်ပါတယ်။ သူ အသက်ရှင်လျက်နဲ့ ပြန်မတွေ့ရမှာပဲ ဆရာစိုးရိမ်ပါတယ်။"

ဦးဝင်းတင် ဆုရသည့်အပေါ် သတင်းစာဆရာကြီး လူထုစိန်ဝင်း၏ ခံစားချက် ဖြစ်ပါသည်။

အစသို့

## အဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင် (၅) ဦးအား တွေ့ခွင့်ပေးရန် မိသားစုမှ နအဖကို မေတ္တာရပ်ခံ

*၁၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ဖမ်းဆီးထားခြင်း (၃) လနီးပါး ကြာပြီဖြစ်သည့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်တို့ (၅) ဦးကို တွေ့ဆုံခွင့်ပေးရန် နအဖဆီကို မေတ္တာရပ်ခံ တောင်းဆိုသွားမည်ဟု မိသားစုဝင်များမှ ယနေ့ ဒီဗွီဘီကို ပြောပြကြပါသည်။ အဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင်များသည် အပြင်ကတည်းက ကျန်းမာရေး ချို့တဲ့နေသည်မို့ မိသားစုများ စိတ်ပူပန်နေကြပါသည်။ ကိုမင်းကိုနိုင်၏ အမကြီး ဒေါ်ကြည်ကြည်ညွန့်ကမှ ယခုလို ဆိုပါသည်။

"ကျမတို့ အနေနဲ့ကတော့ သူ့ကို လွှတ်ပေးပါပေ့ါနော်။ ဆေးဝါးလဲ မပေးရ၊ လူလဲမတွေ့ရတော့ ကျန်းမာရေးကိုပဲ တအားစိတ်ပူတာပေ့ါ။ သူက နှလုံးအားနည်းတယ်။ နှလုံးကို အထူးကုသမားတော်နဲ့ ပြရတယ်၊ အာရုံကြော အထူးကုသမားနဲ့လဲ ပြရတယ်။ တခါတလေကျတော့ အစာအိမ်လဲ နာတယ်။ အစားစာပြီးရင် အဆင်မသင့်ရင် ပြန်အန်တယ်။ ဆေးဝါးလဲပေးခွင့်မရ၊ လူလဲမတွေ့ရတော့ တအားစိတ်ပူတာပေ့ါ။"

ကိုဌေးကြွယ်ရဲ့မိခင် ဒေါ်မိမိလေးကလဲ ယခုလို ပြောကြားခဲ့ပါတယ်။

"သူ့ကျန်းမာရေးကလဲ မကောင်းဘူး။ အပြင်မှာကတည်းက ကုနေရတာပါ။ ကျမတို့ကတော့ တနေ့လွှတ်မယ်၊ တနေ့လွှတ်မယ်နဲ့ မျှော်နေတာပေ့ါလေ။ လာခေါ်တဲ့သူကလဲ အရာရှိတယောက်ပါပဲ။ ကျမကတော့ လူကြီးလူကောင်း လာခေါ်တာပဲ ဘာမှမဖြစ်လောက် ပါဘူးလို့ စိတ်ထဲမှာလဲ မျှော်လင့်ပါတယ်။ ဒီလောက်လဲ ကြာမယ်လို့ မထင်ပါဘူး။ အခုတော့ အကြာကြီးလဲ ဖြစ်နေတယ်၊ ကျမတို့လဲ ဘာအကြောင်းမှ မကြားဘူး၊ စိတ်ပူတာပေ့ါနော်။"

မကြာခင် မိသားစု (၅) စု တိုင်ပင်ပြီး အဖမ်းခံနေရသည့် ၎င်းတို့၏ သားများကို တွေ့ခွင့်တောင်းမည်ဟု ကိုမင်းကိုနိုင်၏ အမကြီးမှ ယခုလို ဆက်လက်ပြောဆိုပါသည်။

"ရမန်ကြီး နှစ်ပတ်ကတော့ ဒီဇင်ဘာ (၁၈) မှာ ပြည့်မယ်ပေ့ါနော်။ ပြည့်ပြီးလို့မှ တွေ့ဆုံခွင့်တွေ မရသေးဘူး၊ အခြေအနေ မထူးခဲ့ဘူး ဆိုရင်တော့၊ မိသားစုအနေနဲ့ တွေ့ဆုံခွင့် ရဖို့အတွက် သက်ဆိုင်ရာကို တောင်းဆိုမယ်လို့ စဉ်းစားထားတယ်။ မိသားစု (၅) ဦး ညှိနှိုင်းသွားမှာပေ့ါ။ ခေါ်သွားတုန်းကတော့ ခဏဆွေးနွေးဖို့ဆိုပြီး ခေါ်တာပေ့ါနော်။ ရမန်တွေ ယူတယ်ဆိုတာကလဲ မိသားစုကို တရားဝင် ပြောတာ မဟုတ်ဘူး။ ကျမ အနေနဲ့ ဘယ်လို ပြောချင်လဲဆိုရင် အရင်ထောက်လှမ်းရေးအဖွဲ့ လက်ထက်တုန်းကလဲ ထောင်ထဲမှာ (၁၆) နှစ်လောက် နေခဲ့ရပြီးပြီ။ နောက် မှားခဲ့တယ်ဆိုပြီး အခု ပြန်လွှတ်တယ်လေ။ မှားယွင်းသွားပါတယ် ဆိုတဲ့စကားလုံးတလုံးနဲ့ ခံစားရတာ၊ မိသားစုနဲ့ အလားတူ တခြားမိသားစုတွေလဲ ရင်နဲ့မဆန့်တော့ဘူး။ အလားတူ မှားယွင်းမှုမျိုးတော့ မဖြစ်သင့်တော့ဘူးလို့ ယူဆတယ်။"

ကိုဌေးကြွယ်၏ မိခင် ဒေါ်မိမိလေးမှာလည်း -- -

"ကျမတို့ကတော့ သူတို့ဆီ စာတင်တာတို့ ဘာတို့တော့ မရှိသေးဘူး။ ပြောခွင့်ရရင်တော့ ကျမ အထူးကို ပြောချင်တာပေ့ါ။ မိခင်တဦး အနေနဲ့ မြန်မြန် လွှတ်ပေးပါလို့ ပြောချင်ပါတယ်။ စိတ်လဲ မကောင်းဘူး။ ကျမက ကျန်းမာရေးကလဲ မကောင်းဘူး။ ကျန်းမာရေး မကောင်းတော့ သားလေးကို တွေ့ချင်နေတာပဲ။"

ကိုမင်းကိုနိုင်တို့အား ဖမ်းဆီးထားသည့်အပေါ် (၈၈) မျိုးဆက် ကျောင်းသားအဖွဲ့ ခေါင်းဆောင်များ ဖြစ်ကြသည့် ကိုအံ့ဘွယ်ကျော်နှင့် ကိုဂျင်မီတို့အား ဥပဒေကြောင်းအရ ဆက်လက် လုပ်ဆောင်သွားမည်ဟု ယခုလို ရှင်းပြကြပါသည်။

"ကျောင်းသားခေါင်းဆောင် (၅) ယောက်ကို တရားမဲ့ ဖမ်းဆီးထားခြင်းလို့ ကျနော်တို့ ယူဆတယ်။ တရားမဲ လုပ်နေတဲ့ လုပ်ရပ်ကို ကျနော်တို့ကတော့ တရားသဖြင့်ပဲ ဥပဒေဘောင်အတွင်းကလဲ ဆက်လုပ်သွားဖို့။" "ဥပဒေကြောင်းအရ ကျနော်တို့ လုပ်နိုင်တဲ့ဘက်ကနေ ကျနော်တို့ လုပ်သွားပါမယ်။"

ဥပဒေကြောင်းအရ ၎င်းတို့လွှတ်မြောက်ရေး ဘယ်လိုလုပ်နိုင်ကြမလည်း။ အဖွဲ့ချုပ် ရှေ့နေကြီး ဦးဉာဏ်ဝင်း မှ ယခုလို အကြံပေးပါသည်။

"ရမန်က ယူရင်လဲ (၂၈) ရက်အထိပဲ ယူနိုင်မယ်လေ။ (၂၈) ရက်ထက် ကျော်နေတဲ့ဟာတွေက ဥပဒေအရတော့ ဒီလို ချုပ်ထားခွင့် မရှိဘူး။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လို ဆောင်ရွက်လို့ ရလဲဆိုရင် ဥပဒေပြဌာန်းချက်တော့ ရှိတယ်။ စာချွန်တော် အမိန့်လို ဟာမျိုးထဲမှာ ရှိတယ်။ အဲဒီအထဲက အချက်တချက်ဖြစ်တဲ့ ဘယ်ရောက်နေမှန်း မသိတဲ့လူ၊ အကြောင်းမဲ့ ထိန်းသိမ်းထားတဲ့လူကို ရုံးရှေ့ကို ခေါ်ပေးဖို့ အမှုဖွင့်နိုင်တဲ့ ပြဌာန်းချက်တခုတော့ ရှိတယ်။"

ယခုလို အခြေအနေတွင် (၈၈) ကျောင်းသားများ ဘာဆက်လုပ်ကြမလဲ – – ကျောင်းသားခေါင်းဆောင် ကိုအံ့ဘွယ်ကျော်နှင့် ကိုမြအေးတို့မှ ယခုလို ပြန်လည် ဖြေကြားခဲ့ကြပါသည်။

"ဘာလုပ်မယ်ဆိုတာကတော့ ကျနော်တို့က ဆက်ပြီးတော့ နည်းမျိုးစုံနဲ့ ဆက်လုပ်ဖို့ အခြေအနေအပေါ် မူတည်ပြီးတော့ ကျနော်တို့ လုပ်သွားဖို့ အစီအစဉ်တွေ ရှိပါတယ်။"

"ကျနော်တို့က ကန်ပိန်း (၃) ခု လုပ်ခဲ့တယ်။ ဆက်ပြီးတော့လဲ လုပ်သွားမှာ ဖြစ်တယ်။ ဒီ ပြစ်မှု၊ ပြစ်ရပ်တွေကို ကျနော်တို့ ကျောင်းသားခေါင်းဆောင် (၅) ယောက်က ကျူးလွန်ခဲ့တာ မဟုတ်ဘူး ဆိုတဲ့အကြောင်း ကိုလဲ တကမ္ဘာလုံးကိုရော၊ နအဖ အစိုးရကို အကြိမ်ကြိမ် ပြောခဲ့တယ်၊ တောင်းဆိုခဲ့တယ်။ ရှေ့ဆက်ပြီးတော့ ကျနော်တို့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ဆက်ပြီးတော့ လုပ်သွားမယ်။"

ယခုလို ကိုမင်းကိုနိုင်တို့ (၅) ဦး လွှတ်မြောက်ရေး ပြောဆိုနေသော်လည်း (၈၈) ကျောင်းသားများ၏ အဓိက ရည်ရွယ်ချက်တွင် တတိုင်းတပြည်လုံး ပြန်လည်သင့်မြတ်ရေး ဖြစ်တယ်ဆိုတာကိုလည်း ကိုမြအေးမှ ယခုလို ဆက်လက် ပြောဆိုသွားခဲ့ကြောင်းပါသည်။

“ကျနော်တို့ (၈၈) မျိုးဆက် ကျောင်းသားတွေဟာ မြန်မာတနိုင်ငံလုံး အေးချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်တရပ် ပေါ်ပေါက်ရေးအတွက် ကျနော်တို့က အမျိုးသား ပြန်လည်သင့်မြတ်ရေး လမ်း ကြောင်းပေါ်မှာ ဦးတည်လျှောက်နေတာ ဖြစ်တယ်။ ကျနော်တို့ ကျောင်းသားခေါင်းဆောင် (၅) ယောက်ကလဲ အဲဒီအပေါ်မှာ လျှောက်ရင်းနဲ့ ဖမ်းခံရတာ ဖြစ်တဲ့အတွက် သူတို့ ကို လွှတ်ပေးပါ၊ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကို လွှတ်ပေးပါ၊ တိုင်းပြည်ပြန်လည်တည်ဆောက်ပါ ဆိုတာကို တဖွဖွပြောနေတာ ဖြစ်တယ်။ လိုတိုရှင်း အရပ်ပြောပြောရမယ်ဆိုရင် ကိုယ့်ကို မတော်မတရား ကျင့်ဖို့ လာတဲ့လူတယောက်ကို ကျနော်တို့က ဘယ်သောအခါမှာ တံခါးဖွင့်ပေးမှာ မဟုတ်သလို မျက်ရိပ်လဲ ပြမှာ မဟုတ်ဘူး။ ကျနော်တို့ဘက်က ရပ်တည်ချက် ပြောင်းလဲသွားမှာ မဟုတ်ဘူး ဆိုတာကို တိတိလင်းလင်း ပြောချင်တယ်။”

ကိုမင်းကိုနိုင် အပါဝင် ကျောင်းသား ခေါင်းဆောင် (၅) ဦး လွှတ်မြောက်ရေးအား ဘယ်လို လုပ်ဆောင် ကြမည် ဆိုသည့်အကြောင်း ကိုမောင်တူးမှ သတင်းပေးပို့သွားခြင်း ဖြစ်ပါသည်။

အစသို့

## နအဖ၏ ၅ဃမွဃ နယ်ရုံးခွဲများ ပြန်လည်ဖွင့်ခွင့်ပေးမှုကို အဖွဲ့ချုပ် ကြိုဆို

*၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ICRC ရုံးခွဲ (၅) ခုကို စစ်အစိုးရမှ ပြန်ဖွင့်ခွင့် ပေးလိုက်ကြောင်း သိရပြီး ၄င်းအပေါ်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကလည်း သတိနှင့် ကြိုဆိုလိုက်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ICRC အကြီးအကဲ ပယ်ရီကွန်ဒိုနှင့် နအဖ ပြည်ထဲရေးရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတို့ ပြီးခဲ့သည့် သောကြာနေ့ ဆွေးနွေးပွဲတွင် ခွင့်ပြုချက် ရခဲ့ကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ ICRC ဒုတိယအကြီးအကဲ ပီတာရေပယ်က ပြောဆိုပါသည်။ ဒီတွေ့ဆုံပွဲတွင် ICRC ရုံးတွေကို ပြန်လည်ဖွင့်ရန် အတည်ပြုခဲ့ကြောင်းကို ပြောသွားခြင်းပါ။ သို့ပေမဲ့လည်း နယ်စပ်ဒေသများတွင် ICRC လုပ်ရှားဆောင်ရွက်မှု ကိစ္စအဝဝနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးရလိမ့်မည်ဟု ၄င်းမှ ဆိုပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ နအဖရဲ့ လုပ်ရပ်အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည့်နောက် ရဲချုပ်ခင်ရီမှ ပိတ်ခိုင်းခြင်း မဟုတ်ဘဲ ယာယီခဏ ရပ်ခိုင်းခြင်းသာ ဖြစ်သည်ဟု မကြာခင်မှ တုန့်ပြန်ခဲ့ပြီး ပြန်လည်ဖွင့်ခွင့် ပြုခဲ့ခြင်းလည်း ဖြစ်ပါသည်။ ICRC ရုံးများ ပြန်ဖွင့်ခွင့် ပြုသည့်အပေါ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ကြိုဆိုလိုက်ပြီး၊ ၅ဃမွဃ ကို လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့်ပေးရန် နအဖကို တိုက်တွန်းလိုက်ပါသည်။ အဖွဲ့ချုပ် ပြန်ကြားရေး အဖွဲ့ဝင် ဦးမြင့်သိန်းက – – –

“ICRC ပိတ်ထားတဲ့ ရုံးခွဲတွေကို ပြန်ဖွင့်ခွင့် ပေးတယ်လို့ သိရတဲ့အတွက်ကြောင့် ကျနော် ကြိုဆိုပါတယ်။ ဒါပေမဲ့လို့က ဒီဖွင့်ခွင့်ပေးတဲ့ ရုံးတွေဟာ သူတို့ လုပ်သင့်လုပ်ထိုက်တဲ့ သူတို့ရဲ့ အတိုင်းအတာ ပြည့်ပြည့်ဝဝနဲ့ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပေးဖို့ကလဲ အရေးကြီးပါတယ်လို့ ကျနော် ပြောချင်ပါတယ်။”

ICRC သည် မြန်မာနိုင်ငံအတွင်းတွင် မိုင်းဒဏ်သင့်သူများ ပြန်လည်ထူထောင်ရေး၊ ဒဏ်ရာရသူများအား အကူအညီပေးရေး၊ အခြေခံကျန်းမာရေး၊ သောက်သုံးရေ ရရှိရေး လုပ်ငန်းများ လုပ်ဆောင်နေပါသည်။ ဒါပေမဲ့ အကျဉ်းထောင်များအား မဝင်ရောက်နိုင်ခြင်းကိုမူ (၁) နှစ်နီးပါး ရှိနေပြီ ဖြစ်ပါသည်။

အစသို့

## အင်းစိန်ထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသား (၂) ဦး အစာငတ်ခံဆန္ဒပြ

*၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

အင်းစိန်ထောင်တွင် ဖမ်းဆီးခံနေရသည့် အဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် တခြားနိုင်ငံရေး အကျဉ်းသားတဦး အစာငတ်ခံ ဆန္ဒပြနေကြောင်း သတင်းများ ထွက်ပေါ်နေပါသည်။ ယခု အစာငတ်ခံ ဆန္ဒပြနေစဉ် ဒီဇင်ဘာ (၁၃) ရက်မှ ကိုယူနွတ်အား ထောင်အာဏာပိုင်များမှ ဝိုင်းရိုက်ခဲ့၍ လက်ကျိုးသွားကြောင်းလည်း သိရပါသည်။ ၄င်းအကြောင်းနှင့် ပတ်သက်ပြီး အင်းစိန်ထောင်နှင့် နီးစပ်သူ အမျိုးသမီးတဦးမှ ဒီဗွီဘီကို ယခုလို ပြောပြပါသည်။

"(၁၃) ရက်နေ့က ဦးကျော်ဆန်းရယ်၊ ယုန္တတ်ရယ် အစာငတ်ခံ ဆန္ဒပြခဲ့ကြတာ၊ ယုန္တတ်ကို ဝိုင်းဝန်းရိုက်တာ လက်ကျိုးသွားတယ်လို့ ပြောတယ်။ ရိုက်တာကတော့ ထောင်ရဲရော SB ရော ပါတယ်လို့ ပြောတယ်။ ဦးကျော်ဆန်းကလဲ အစာငတ်ခံ ဆန္ဒပြနေတာကို ထောင်မှူးက ပြောတယ်။ သူ့ဟာသူ သေသွားလိမ့်မယ်ပေါ့၊ အဲဒီလိုလုပ်ပြီး သေသွားလိမ့်မယ်လို့ ပြောတယ်တဲ့။ အခုထိ ပြနေတုန်းတဲ့၊ ဦးကျော်ဆန်းက ကျန်းမာရေးတောင် စိုးရိမ်ရတယ်လို့ ပြောပြတယ်။"
၄င်းကိစ္စနှင့် ပတ်သက်ပြီး အင်းစိန်းထောင်ကို ဆက်သွယ်မေးမြန်းခဲ့ရာတွင်
"ဟလို အမိန့်ရှိပါ။"
ဒီဗွီဘီ ။ ။ အင်းစိန်း အကျဉ်းထောင်ကပါလား။
"ဟုတ်ပါတယ်။"
ဒီဗွီဘီ ။ ။ နော်ဝေ အသံလွှင့်ဌာနက ခေါ်တာပါ။ ဦးကျော်ဆန်းနဲ့ ကိုယုန္တတ်တို့ ဆန္ဒပြကြတယ်လို့ သိရပါတယ်။ ဘာဖြစ်လို့ ဆန္ဒပြကြတာလဲ။
"ကျနော်တို့ မသိပါဘူး။"
ဒီဗွီဘီ ။ ။ ကိုယုန္တတ်က လက်ကျိုးသွားတယ်လို့လဲ ကြားရပါတယ်။
"အဲဒါ ကျနော်တို့ မသိပါဘူး။"

အလားတူ မကြာသေးခင်က မော်လမြိုင်ထောင်တွင် အစာငတ်ခံ ဆန္ဒပြသည့်အတွက် မြဝတီမြို့မှ ဦးစံမြင့်နှင့် ကျောင်းသားခေါင်းဆောင် တဦးဖြစ်သည့် မျိုးသူရထွန်းတို့သည်လည်း ထောင်အာဏာပိုင်များ၏ ဝိုင်းဝန်းရိုက်နှက်ခြင်းကို ခံခဲ့ရသည်ဟု သိရပါသည်။ ယခုလို နိုင်ငံရေးအကျဉ်းသားများ ထောင်ထဲတွင် အစာငတ်ခံ ဆန္ဒပြနေကြခြင်းမှာ ကျန်းမာရေး စောင့်ရှောက်မှု မရရှိခြင်းနှင့် ပတ်သက်ပြီး အဖွဲ့ချုပ် လူမှု အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဦးလှသိန်းမှ ဒီဗွီဘီကို ယခုလို ပြောပြသွားခဲ့ပါသည်။

"လူတယောက်မှာ အစာစားမှ အသက်ရှင်ကြတယ်ဆိုတဲ့ဥစ္စာ ဒီအစာကို မစားဘဲနဲ့ မိမိရဲ့ အရေးကြီးတဲ့ အသက်ရှင်ခွင့်တောင် တို့အနေနဲ့ မလိုအပ်တော့ဘူး။ တို့တော့ ပကတိ ဖြစ်ပေါ်ခံစားနေရတဲ့ အခြေအနေတွေကို အားလုံးသိရှိအောင်၊ ကမ္ဘာကသိအောင် တို့ရဲ့ဘဝတူ နိုင်ငံရေးအကျဉ်းသားတွေ တို့လိုအဖြစ်မျိုးနဲ့ မကြုံရလေအောင် အသက်နဲ့ရင်းပြီး ဖော်ထုတ်ရဲတယ်ဆိုတဲ့ သတ္တိကိုက အင်မတန် လေးစားစရာပါ။ အမှန်တရားကို ဖော်ထုတ်ရင်းနဲ့ မိမိတို့ ဘဝကို စတေးမဲ့ နိုင်ငံရေးသမားတွေလဲ မြောက်များစွာ ပေါ်ထွက်အုံးမှာပါ။ ဒီဖိနှိပ်မှုတွေ၊ ဒီလို ရှိနေအုံးမယ်ဆိုရင် ဒီကိစ္စတွေကလဲ ဆက်လက် ပေါ်ပေါက် နေအုံးမယ်လို့ ကျနော့် အနေနဲ့ ယုံကြည်ပါတယ်။"

အင်းစိန်ထောင်ထဲတွင် ဦးကျော်ဆန်း အစာငတ်ခံ ဆန္ဒပြနေတယ်ဆိုသည့် သတင်းများနှင့် ပတ်သက်၍ ဇနီးသည် ဒေါ်မေနွဲ့ကို ဆက်သွယ် မေးကြည့်ရာတွင် တစုံတရာ မသိရသေးကြောင်း အခုလို ပြောပြထားပါသည်။
"မကြားပါဘူး။ (၇) ရက်နေ့က သူနဲ့တွေ့တယ်။ အဲဒီနေ့က ကောင်းကောင်းမွန်မွန် အန်တီနဲ့ တွေ့ခဲ့တယ်။"
အဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဦးကျော်ဆန်း၏ ဇနီးသည် ဒေါ်မေနွဲ့ ပြောပြသွား ခြင်းပါ။

အစသို့

## နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးပြီး ဆွေးနွေးပွဲများ လုပ်ရန် မကွေး အဖွဲ့ချုပ် တောင်းဆို

*၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးပြီး စစ်မှန်သည့် တွေ့ဆုံဆွေးနွေးရေးများ အမြန်ဆုံး ပြုလုပ်ရန် မကွေးမြို့တိုင်း မကွေးမြို့နယ် အဖွဲ့ချုပ်မှ ယနေ့ နအဖအား တောင်းဆိုလိုက်ပါသည်။ ယနေ့ ကျင်းပခဲ့သည့် မကွေး အဖွဲ့ချုပ်စည်းရုံးရေး ကော်မီတီ အစည်းအဝေးမှ ယခုလို တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြခြင်းဟု သိရပြီး၊ ဒီဆုံးဖြတ်ချက် အသေးစိတ်ကိုမူ စကုမြို့နယ် အဖွဲ့ချုပ်လူငယ် ကိုနေမျိုးကျော်မှယခုလို ပြောပြပါသည်။

"ဆုံးဖြတ်ချက် ချဖြစ်တာကတော့ လက်ရှိအနေအထားမှာ နိုင်ငံရေး အကျဉ်းသား အားလုံးကို ချွင်းချက်မရှိ ချက်ချင်း လွှတ်ပေးဖို့။ နံပတ် (၂) အချက်က စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးတွေ အမြန်ပြုလုပ်ဖို့၊ ဒီနှစ်ချက်ကို ကျနော်တို့ အဓိကထားပြီး ဆုံးဖြတ်ခဲ့ပါတယ်။ နောက်ပြီးကျတော့ ၅၅၉ ရုံးခွဲတွေကို ပြန်လည်ဖွင့်လှစ် ပေးတဲ့အတွက် ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မကွေးမြို့နယ်နဲ့ မြို့နယ်ကနေပြီး တော့ ကြိုဆိုတဲ့ အကြောင်း ပေါ့လေ။"

ယနေ့ အစည်းအဝေးတွင် မန္တလေးထောင်မှ ကျဆုံးသွားသည့် ကိုသက်ဝင်းအောင် (၂) လပြည့် အထိမ်းမှတ်အဖြစ် အစည်းအဝေးအတွင်း (၁) မိနစ် ငြိမ်သက်ခဲ့ကြကြောင်းလည်း သိရပါသည်။ ၎င်းဒီနောက် ကိုသက်ဝင်းအောင်အတွက် စပ်ဆိုထားသည့် ကဗျာလေးတပုဒ်နှင့် ဂုဏ်ပြုခဲ့တယ်ဆိုပါသည်။

"(၁၆/၁၀) ဒေါင်းတမန် တိုင်းပြည်ရဲ့ သူရဲကောင်း ခွပ်ဒေါင်း ဒေါင်းတို့ရဲ့ တမန်တော် ကောင်းကင်ယံက ပျံလာပြီ။ လူဆိုး၊ သူခိုး ချိုကျိုးတွေက သူ့ကို သေဘေးမှာမြှုပ် မီးတောင်မှာ ဖုတ် ရေမှာငုပ် တုတ်တုတ်မလှုပ် ကျူပြင်ခုတ် ကျူငုတ်ရှင်းသတဲ့။ ၂၀၀၆ အောက်တိုဘာကပေါ့ အမှန်တရား အင်အား စွမ်းအားနဲ့ တို့သခင် ဒေါင်းတမန် ကောင်းကင်ယံက ပျံလာပြီ မော့ကြည့် အလေးပြုနေကြပါ၏။"

မကွေးမြို့နယ် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်ဦး ရွတ်ပြခဲ့ခြင်းပါ။ ယနေ့ အစည်းအဝေးတွင် တက်ရောက်လာသူများအား လူ့အခွင့်အရေး ကြေညာစာတမ်း အပါအဝင် တခြားပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်ဟုလည်း ဦးမြင့်ဦးမှ ယခုလို ပြောပြသွားပါသည်။

"လုံခြုံရေးကောင်စီရဲ့ လုပ်ပိုင်ခွင့်တွေအကြောင်းကို ဒီလူငယ်ကပဲ ရှင်းလင်းပြတဲ့ အပိုင်းတွေပေါ့နော်၊ ဒါတွေပါတယ်။ နောက်တချက် ကျနော်တို့ ရုံးချုပ်ကနေ ပို့ထားတဲ့ ကြေညာချက်တွေ ပါတယ်။ အဓိကကတော့ စကုမြို့နယ် NLD ပါတီ ကိုနေမျိုးကျော် ကနေပြီးတော့ လူ့အခွင့်အရေး စာအုပ်နဲ့ HIV/AIDS ရောဂါ အမျိုးသားရေးပြဿနာ ဝိုင်းဝန်းကူညီပါ။ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ကြဆိုတဲ့ ဒီ ဒီဇင်ဘာ (၁) ရက် World AIDS Day နေ့နဲ့ ပတ်သက်ပြီးတော့ စာရွက်စာတမ်းတွေကို မြို့ကအဖွဲ့ဝင်တွေ၊ နယ်ကျေးရွာကနေ တက်ရောက် လာတဲ့ အဖွဲ့ဝင်တွေကို ဖြန့်ဝေခဲ့တယ်။"

ယနေ့ အစည်းအဝေးပွဲကို မကွေးမြို့ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်ဦး၏ နေအိမ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင် စုံစုံညီညီ တက်ရောက်ခဲ့ကြကြောင်းလည်း သိရှိရပါသည်။

အစသို့

## လူထုလက်မှတ် ကောက်ခံသဖြင့် ထောင် (၁၄) နှစ် ချလိုက်သူ (၂) ဦးကို တောင်ငူထောင်သို့ပို့

*၁၇ ၊ နိုဝင်ဘာ ၊ ၂၀၀၆*

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသား အားလုံး လွတ်မြောက်ရေး လူထုလက်မှတ် ရေးထိုးမှုမှာ ပါဝင်မှုနှင့် ထောင်ဒဏ် (၁၄) နှစ် ချခံလိုက်ရသူ လူငယ်နှစ်ဦးကို တောင်ငူထောင်သို့ ပို့လိုက်ပြီ ဖြစ်ကြောင်း သိရပါသည်။ ပဲခူးတိုင်း မိုးညိုမြို့နယ် ရေသဖြာ ရွာသား နှစ်ဦးဖြစ်သူ ကိုဝင်းကိုနှင့် ကိုဖြိုးဇော်လတ် တို့ကို ပြီးခဲ့သည့် အောက်တိုဘာလ (၆) ရက် နေ့တွင် စတင်ဖမ်းဆီးခဲ့ပြီး၊ မနေ့တွင် တောင်ငူထောင်သို့ ပြောင်းလိုက်ခြင်းဖြစ်ကြောင်း ၎င်းအမှုကို လိုက်ပါကူညီပေးနေသူ တဦးမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ အသက် (၂၀) ကျော် ဝန်းကျင် ၎င်းလူငယ် (၂) ဦးကို လက်မှတ်ထိုးထားသည့် စာရွက်စာတန်းတွေနှင့်အတူ လက်ပံတန်း–ရန်ကုန် ရထားပေါ်တွင် စတင်ဖမ်းဆီးပြီး လက်ပံတန်းရဲစခန်း၊ မှတဆင့် ပေါင်းတည်ထောင်၊ နောက် သာယာဝတီ ထောင်၊ ဒီကနေ့ ယခုနောက်ဆုံး တောင်ငူထောင်ဆီ ပြောင်းလိုက်ခြင်း ကြောင့် (၁) လအတွင်း (၄) ထောင် ပြောင်းရသူများ ဖြစ်သွားသည်ဟု အဆိုပါ ပုဂ္ဂိုလ်မှ ရှင်းပြခဲ့ပါသည်။ သို့သော်လည်း ယခုလို ထောင်ပြောင်းခြင်းကို အာဏာပိုင်များဖက်မှ မိသားစုဆီ ရှင်းပြခြင်း မရှိသလို ၎င်းအမှုကို လိုက်ပါပေးရန် ကျိုးစားနေသည့် ရှေ့နေများ ကိုလည်း ဘာမှ အကြောင်းကြားခြင်း မရှိသေးပါ။ ၎င်းတို့ (၂) ဦး၏ မိသားစုဝင်များနှင့် ရှေ့နေဦးခင်မောင်ရင် တို့သည် ၎င်းတို့ ပြောင်းသမျှ ထောင်များသို့လိုက်ပြီး တွေ့ဆုံ ရန် ကြိုးစားခဲ့သော်လည်း အာဏာပိုင်များဘက် မှ ယခုချိန်ထိ တွေ့ခွင့်မပေး သေးကြောင်းကိုလည်းသိရပါသည်။

အစသို့

## ဒေါ်စုကို လွှတ်ပေးရန် အိန္ဒိယပါလီမန် အမတ်များအဖွဲ့ တောင်းဆို

*၁၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနှင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည် သင့်မြတ်ရေးများ စတင်ရန်အတွက် အိန္ဒိယအစိုးရအနေနှင့် ရှိသမျှစွမ်း အားများအသုံးချပြီး နအဖ စစ်အစိုးရကို ဖိအားပေး တောင်း ဆိုသင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယပါလီမန် အမတ်များအဖွဲ့ (IPFDB) မှ ကြေညာချက်ထုတ်ပြန် ပြောဆိုလိုက်ပါသည်။ မြန်မာအရေး ဆောင်ရွက်မည့် အိန္ဒိယ ပါလီမာန်အမတ်များအဖွဲ့ (IPFDB) ၏ ကြေညာ ချက်ထဲတွင် ယခု ကျင်းပနေသည့် အိန္ဒိယပါလီမန် တက်ရောက်နေသူ

လွှတ်တော်အမတ်များမှ ဒေါ်အောင်ဆန်းစုကြည် အပေါ်တွင် စာနာစိတ်အပြည့် ရှိကြောင်းလည်း ဖော်ပြထားပါသည်။ ထို့အပြင် **(IPFDB)** အဖွဲ့ထဲတွင် အိန္ဒိယအစိုးရအဖွဲ့ထဲတွင် လွှတ်တော်အမတ်များ၊ အတိုက်အခံထဲမှ လွှတ်တော်အမတ်များ ပါဝင်သည် ဟုလည်း ရေးသားထားပါသည်။ ၄င်း ကြေညာချက်ကို **(IPFDB)** အဖွဲ့၏ နာယကကြီးအထွက် လွှတ်တော်အမတ် မစ္စနင်မလားဒေ့ရှ်ပန်အစ် အပါအဝင် အဖွဲ့ခေါင်းဆောင်ပိုင်းတွင် ပါဝင်သည့် လွှတ်တော်အမတ် (၆) ဦးမှ လက်မှတ်ထိုး ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ဒီဗွီဘီမှ **(IPFDB)** အဖွဲ့၏ နာယကကြီး အပါအဝင် လွှတ်တော်အမတ်များ အား အကြိမ်ကြိမ်ဆက် သွယ်ခဲ့သော်လည်း အားလုံးသည် အိန္ဒိယပါလီမန် အစည်းအဝေးခန်းမထဲတွင် ရောက်နေခြင်းကြောင့် ဆဲလ်ဖုန်းများ ပိတ်ထားကြပါသည်။ ထို့ကြောင့် ဒီဗွီဘီမှ၄င်း ကြေညာချက် ဖြစ်ပေါ် လာအောင် **(IPFDB)** အဖွဲ့ကြီးကို အဓိက တိုက်တွန်းပေးခဲ့သူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ် မြေ) အိန္ဒိယအခြေစိုက်၏ နိုင်ငံခြားရေးတာဝန်ခံ ဦးရမ်းဗဂျီး ဘာဗားမားကို မေးမြန်းကြည့်ပါသည်။

"အိန္ဒိယပါလီမန်အဖွဲ့ကနေ အသံတခု ထွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ NLD အနေနဲ့ ပါလီမန်ထဲ အဖွဲ့ကို ချဉ်းကပ်ပြီးတော့ လွှတ်တော်အစည်းအဝေး လုပ်နေတုန်းပဲ ဒီကိစ္စကို ကျနော်တို့ အစည်းအဝေး လွှတ်တော် အတွင်းမှာ ဆွေးနွေးဖို့ ချဉ်းကပ်ခဲ့ပါတယ်။ ဒါပေမဲ့ လွှတ်တော်အတွင်းတော့ မဆွေးနွေးနိုင်သေးပါဘူး။ ဒါပေမဲ့ အဖွဲ့ရဲ့ အမတ်တွေက လွှတ်တော် အဆောက်အဦရဲ့ အခန်းတခန်းမှာ ဆွေးနွေးပြီးတော့မှ အခုလို ကြေညာချက်ကို ထုတ်ပေးနိုင်ခဲ့ပါတယ်။"

ဒီဗွီဘီမှ ဆက်လက်ပြီး တမိနာဒူးပြည်နယ် မဒရပ်တက္ကသိုလ်မှ မြန်မာအရေး လေ့လာနေသူ ဒေါက်တာရာမူးကို ဆက်သွယ်ပြီး ၄င်းကြေညာချက်မှ ဘယ်လောက်များ သက်ရောက်မှု ရှိနိုင်သလဲ မေးမြန်းကြည့်ပါ သေးသည်။

"ကျနော်အမြင်ကတော့ အဲဒီ ကြေညာချက်ဟာ မှန်ကန်တဲ့ကိစ္စ၊ လုပ်သင့်တဲ့ကိစ္စပါ၊ ဒါမှ အိန္ဒိယအစိုးရ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနဲ့ မြန်မာပြည် ဒီမိုကရေစီရရှိရေး ဘယ်လို ဆောင်ရွက်သင့် တယ်ဆိုတာ ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီ ကြေညာချက်ဟာ နောက်ကလုပ်ရှားမှုပါတဲ့ ကြေညာချက် ဖြစ်ပါတယ်။ ဒါ့ကြောင့် အိန္ဒိယအစိုးရအနေနဲ့ လစ်လျူ ရှုလို့ မရပါဘူး" ဟု ပြောကြားသွားပါသည်။ မြန်မာအရေး ဆောင်ရွက်မည့် အိန္ဒိယပါလီမန်အမတ်များအဖွဲ့ **(IPFDB)** သည် မနှစ် ဒီဇင်ဘာ (၁၈) ရက်နေ့ တွင် အိန္ဒိယအမျိုးသမီး အထက်လွှတ်တော်အမတ် မစ္စနင်မလားဒေ့ရှ် ဦးဆောင်ပြီး ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

အစသို့

## ဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင် (၅) ဦး (၄) ကြိမ်မြောက်

*၁၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

မင်းကိုနိုင် အပါအဝင် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် (၅) ဦးအား ဇန်နဝါရီလ (၁) ရက်နေ့ အထိ နောက်ထပ် ရမန်တပတ် ထပ်ယူပြီး ဆက်လက် ဖမ်းဆီးထားပုံရှိသည်ဟု မိသားစုဝင်များမှ ဒီဗွီဘီကို ပြောပါ သည်။ (၈၈) မျိုးဆက် ကျောင်းသား ခေါင်းဆောင်တဦး ဖြစ်သည့် ကိုမြအေးမှ ယခုအခြေအနေအပေါ် ၄င်း၏အမြင် ကို ပြောပါသည်။

"မနေ့က ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျာ၊ ကိုပြုံးချိုတို့ (၅) ယောက်က မနေ့က ရမန်ပြည့်တယ်။ ပြည့်တော့ မနေ့က လွှတ်မလာဘူးပေါ့။ လွှတ်မလာတော့ ရမန်ထပ်ပြီးတော့ ယူပုံရတယ်လို့ ကျနော်တို့ ယူဆတယ်။ ထပ်ပြီးတော့ ရုံးတင်တာမျိုးလဲ မရှိဘူး၊ လွှတ်ပေးတာမျိုးလဲ မရှိဘူး။ ထပ်ပြီးတော့ (၁၄) ရက်တိတိ ရမန်ယူထားတယ်လို့ ကျနော်တို့ ယူဆတယ်။ ဘယ်ရုံးမှာ ယူတယ်၊ ဘယ်မှာထားတယ် အခြေအနေ မျိုးကိုတော့ ကျနော်တို့ မသိရဘူး။ မိသားစုတွေ အနေနဲ့လဲ စိုးရိမ်နေတယ်။ ဒါဟာ အရဆကာသအဒီးပွါယ်မရှိဘူးလို့ မြင်တယ်။"

ကိုမြအေး ဖြစ်ပါသည်။ ပြန်လွှတ်မပေးဘဲ ယခုလို အကြိမ်ကြိမ် ရမန်ယူ ထိမ်းသိမ်း နေခြင်းနှင့် ပတ်သက်၍လည်း ကိုမြအေးမှ ယခုလို ဝေဖန်ပါသည်။

"အခုဟာက ရမန်ယူတာ (၄) ကြိမ်ရှိပြီ။ သူတို့ကို မြန်မာပြည်မှာ ခေါ်တဲ့အခေါ် အရဂါတ်လုည့်ပေါ့။ တမြို့နယ်၊ တမြို့နယ် စခန်းတခုပြီးတခု ရမန်တွေ တိုးပြီးတော့ ယူနေခြင်းဟာ ဒါ ဥပဒေကို လက်တလုံးခြား လုပ် တာပဲ။ ပုံမှန်အရပြောမယ်ဆိုရင်တော့ ဥပဒေအရ ရမန်တပတ်၊ ဒါမှမဟုတ်ရင် အပတ်ပြည့်တဲ့ အချိန်အခါမျိုးမှာဆိုရင် ပြန်လွှတ်ပေးရမှာပဲ။ အခုက မလွှတ်ပေးဘဲနဲ့ ရမန်ထပ်ယူတာ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း များစွာ ရှိတယ်။ အဲဒီ မြို့နယ်တွေသာ လှည့်ပြီးတော့ ရမန်တွေ ယူနေမယ်ဆိုရင် အကုန်လုံးက အကန့်အသတ်မရှိ စစ်ဆေးမေးမြန်း တယ်ဆိုတဲ့ အကြောင်းပြချက် တခုထဲနဲ့ တသက်လုံး ချုပ်ထားမယ်ဆိုတဲ့ သဘောမျိုးကြီး ဖြစ်နေ တယ်။"

ပြီးခဲ့သည့် နအဖ သတင်းစာရှင်းလင်းပွဲမှာတွင် နအဖ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီမှ မေးမြန်းစစ်ဆေးနေဆဲ ဖြစ်သည်ဟု ယခုလို ရမန်ယူနေသည်ဟု ပြောခဲ့ပါသည်။

"မင်းကိုနိုင်နဲ့ (၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့က (၅) ဦးကို နိုင်ငံအစိုးရအနေနဲ့ လုံခြုံရေးနဲ့ ဆက်စပ်ပြီးတော့ ခေါ်ယူမေးမြန်းနေတာ ဖြစ်ပါတယ်။ အခုချိန်ထိ ခေါ်ယူမေးမြန်းခြင်း ဖြစ်ပါတယ်။ လူတယောက်ကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း မဟုတ်ဘူးဆိုတာ ရှင်းလင်းခြင်း ဖြစ်ပါတယ်။"

နအဖ ရဲချုပ်မှ မတရားဖမ်းဆီးခြင်း မဟုတ်ကြောင်း ပြောဆိုပေမဲ့ အဖွဲ့ချုပ် ရှေ့နေကြီး ဦးဉာဏ်ဝင်းက ကျောင်းသားခေါင်းဆောင် (၅) ဦးကို ဖမ်းထားခြင်းသည် ဥပဒေနှင့် မညီသည့် လုပ်ရပ် ဖြစ်သည်ဟု ယခုလို ပြောဆိုသွားခဲ့ပါသည်။

"ဥပဒေအရ မရဘူး။ ဒါပေမဲ့လို့ နိုင်ငံရေးပြစ်မှုတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ ဒီလို လုပ်နေတာ တော်တော်ကြာပြီ။ ကျနော်တို့ ကန့်ကွက်လဲ ဥပဒေနဲ့ မညီတာကို ဒီအတိုင်းပဲ လုပ်နေတာပဲ။"

အစသို့

## ဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ (၄၅) နှစ်မြောက် မွေးနေ့ ပြုလုပ်

*၁၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ယနေ့ ကျင်းပခဲ့သည့် ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ မွေးနေ့ပွဲ အခမ်းအနားကို ဝါရင့်နိုင်ငံရေး သမားကြီးများ အဖွဲ့ချုပ်ဝင်များ၊ ၄င်းငြိမ်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း (၁၀၀) ကျော်တက် ရောက်ခဲ့သည်ဟု ဆိုပါသည်။ ၄င်းဒအကြောင်းကို ညီဖြစ်သူ ကိုအောင်အောင်ထွန်းမှ ယခုလို ပြောပြပါသည်။

"(၉) နာရီကနေ (၁၂) နာရီ၊ ဒါပေမဲ့ အစောကြီးကတည်းက ရောက်နေကြပါတယ်။ သူ့ဓါတ်ပုံနဲ့ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် (၄၅) နှစ်မြောက် မွေးနေ့သဘင် ဓါတ်ပုံရှိတယ်။ အမှတ်တရပေါ့။ မိတ်ဆွေ အပေါင်းအသင်းတွေ ဆုံပြီးတော့ သူ့အတွက် အမှတ်တရ အော်တိုလေးတွေ ရေးကြတယ်။ အာရုံဆွမ်းကို မုန့်ဟင်းခါးကျွေးတယ်၊ နေ့ဆွမ်းကို ခေါက်ဆွဲကြော်တယ်။"

အာဏာပိုင်များဘက်မှ စောင့်ကြည့်ခြင်းများ ရှိနေကြောင်းကိုလည်း ၄င်းမှ ယခုလို ဆက်ပြောပြပါသည်

"ရှေ့ကနေ ဓါတ်ပုံရိုက်တာ၊ ဗွီဒီယိုရိုက်တာတွေတော့ ရှိတာပေါ့။ ကျနော်တို့ ကျောင်းရှေ့ တခြားကျောင်း တကျောင်းထဲကနေ။ အဝင်ဝမှာ စောင့်ကြည့်တယ်။ ဒါမျိုးတွေပေါ့။"

မနှစ်က မွေးနေ့ပွဲတွင် မွေးနေ့ရှင်ကိုယ်တိုင် ပါဝင်ခဲ့ပေမဲ့ ဒီနှစ်မှာတော့ မွေးနေ့ရှင် ကိုကိုကြီး အပါအဝင် ကိုမင်းကိုနိုင်၊ ကိုမင်းဇေယျ၊ ကိုဌေးကြွယ်၊ ကိုပြုံးချို စသည့် (၅) ဦးစလုံး မပါဝင်နိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားချက်ကိုလည်း ကိုအောင်အောင်ထွန်းမှ ယခုလို ဆက်လက်ပြောပြ သွားခဲ့ပါသည်။

"စိတ်မကောင်းဘူးပေါ့။ ဆုံညီကြမဲ့ ပွဲမျိုးမှာ ကိုယ်တိုင်မပါဝင်နိုင်တာ အထိန်းသိမ်းခံ (၅) ယောက် ကျန်တဲ့မိသားစုတွေလဲ ဒီလိုပဲ ခံစားရမယ်လို့ ထင်ပါတယ်။ ဒီလိုပဲ ညီတယောက် အနေနဲ့လဲ ထပ်တူပါပဲ။"

ယနေ့ မွေးနေ့တွင် တက်ရောက်လာသူများထဲတွင် အချို့၏ခံစားချက် အမြင်များနှင့် ပတ်သက်၍လဲ အခုလို တင်ပြထားပါသေးသည်။ ပြီးခဲ့သည့် ကိုမင်းကိုနိုင် မွေးနေ့တွင်လည်း မွေးနေ့ရှင်မပါဘဲ ကျင်းပခဲ့ရသလို၊ ယနေ့ ကိုကိုကြီး၏ မွေးနေ့တွင်လည်း မွေးနေ့ရှင်မှ မည်သည့်နေရာတွင် ချုပ်နှောင်ထားရမှန်း မသိရသည့် နေရာမှာ ရောက်ရှိနေခြင်းပါ။ ၄င်းကိစ္စအပေါ် (၈၈) မျိုးဆက် ကျောင်းသား၊ ကျောင်းသူများ၏ ခံစားချက်များမှာ – –

"ကျမ မိမိဦးပါ။ တော်တော်ကို ခံစားရပါတယ်လို့။ ဖြစ်နိုင်ရင် ရှိစေချင်တာပေါ့။"

"ဒီနေ့ မွေးနေ့ပွဲကတော့ လူစုံတက်စုံတော့ လာကြပါရဲ့။ ဒါပေမဲ့ ကျနော်တို့ သူငယ်ချင်း အပေါင်း အသင်းတွေက မပြည့်စုံဘူးပေါ့။ (၅) ယောက် မရှိတဲ့အတွက်ကြောင့်မို့ စိတ်မကောင်းဘူး။ မွေးနေ့ပွဲမှာ။"

"ကျမတို့ရဲ့ (၈၈) ကျောင်းသားခေါင်းဆောင် ကိုကိုကြီးရဲ့ ယနေ့ကျရောက်တဲ့ (၄၅) နှစ်မြောက် မွေးနေ့မှသည် နောင်သက်ဆုံးတိုင် ကိုကိုကြီးလျှောက်လှမ်းမဲ့ ဘဝတလျှောက်မှာ အခက်အခဲ ဟူသမျှကို အောင်မြင် စွာ ကျော်လွှားနိုင်ပြီးတော့ ရည်မှန်းချက် ပန်းတိုင်ကို ငြိမ်းချမ်းစွာ ရောက်ရှိနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါ တယ်။"

"မွေးနေ့ရှင် ပါသင့်တာပေါ့။ အားလုံးကောင်းဖို့အတွက်၊ အားလုံး အေးချမ်းဖို့အတွက်၊ အားလုံးငြိမ်းချမ်း သာယာဖို့အတွက် ကြိုးစားတဲ့သူတွေလေ။ မဟုတ်ဘူးလား။"

“ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကို သူ့ရဲ့မွေးနေ့မှာ ရှိစေချင်ပါတယ်။ အခု ကိုကိုကြီးကို မခင်ပေမဲ့ သူ့ရဲ့ရဲဘော်မိတ်ဆွေ အားလုံးက အားတခုအနေနဲ့ သူ့ရဲ့မွေးနေ့မှာ စည်စည်ကားကား၊ စည်းစည်းလုံးလုံး ရှိနေကြ ပါတယ်။ သူရဲ့ရည်မှန်းချက်၊ ယုံကြည်ချက်တွေ အောင်မြင်အောင် သူဆက်ပြီးတော့ အလုပ်လုပ်နိုင်ဖို့အတွက် အခု အဖမ်းဆီးခံထားရတဲ့ နေရာကနေ အမြန်ဆုံး လွတ်မြောက်စေချင်ပါတယ်။”

“ကျမ ဟာသဘ်တက မဝါဝါကျော်ပါ။ ကျမအကိုတွေ၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ပါစေ လို့ ကျမ ဆုတောင်းပါတယ်။”

(၈၈) ကျောင်းသားခေါင်းဆောင် တဦးဖြစ်သည့် ကိုအံ့ဘွယ်ကျော်၊ ကိုပြုံးချို၏အကို ကိုအောင်သူ၊ မမီမီဦး၊ မမီးမီး၊ မနီလာနဲ့ မဝါဝါကျော်တို့၏ ခံစားချက်များ၊ ဆုတောင်းစကားများ ဖြစ်ပါသည်။ အဖမ်းဆီးခံနေရသည့် (၈၈) ကျောင်းသားခေါင်းဆောင် တဦးဖြစ်သည့် ကိုပြုံးချို၏ဖခင် ဦးဝင်းမောင်ကလည်း ယခုလို ဆုတောင်းခဲ့ပါသည်။

“မွေးနေ့ပွဲကို သူကိုယ်တိုင် မတက်ရောက်နိုင်ပေမဲ့ အမြန်ဆုံး မိသားစုတွေနဲ့ ပြန်ဆုံစည်းနိုင်ပါစေလို့ ကျနော်တို့ ဆုတောင်းဆန္ဒပြုပါတယ်။”

မကြာခင်မှ ထောင်ပြောင်းခံရသည့် နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ကိုမျိုးမင်းဇော်၏ မိခင် ဒေါ်မြင့်မြင့်အေး၏ ခံစားကတော့ – – –

“ဒီကနေ မွေးနေ့ရှင် မပါတဲ့ပွဲလေးကို တက်ပြီးတော့ လွတ်မြောက်ကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါ စေလို့ လာရောက်ပြီးတော့ ဆုတောင်းပေးတဲ့ သဘောနဲ့ လာပြီး တက်ရောက်တာပဲ။”

(၈၈) ကျောင်းသားခေါင်းဆောင် နောက် တဦးဖြစ်သည့် ကိုမြအေးကတော့ – – –

“ကျနော့် ခံစားမှုဆိုတာထက် (၆) နှစ်သမီးလေး ခံစားချက်ကို ပြောပြမယ်။ ကျနော့် သမီးငယ်လေး ပေါ့နော်။ မနက်ကသူ့ကို ကျနော် ကျောင်းလိုက်ပို့တယ်။ သူက ဘာပြောလဲဆိုတော့ အဖေ ဦးလေးမင်းကိုနိုင် မွေးနေ့လဲ ပြီးသွားပြီတဲ့။ အခု ဦးကိုကိုကြီး မွေးနေ့က ဘယ်မှာ လုပ်မှာလဲတဲ့ ထောင်ထဲမှာ လုပ်မှာလားတဲ့။ ကျနော့် သမီးလေး မျက်နှာကြည့်ပြီးတော့ တော်တော်လေးလဲ စိတ်မကောင်း ဖြစ်မိတယ်။ ဒီခေတ်၊ ဒီစနစ်ရဲ့အောက် မှာ ဘဝတလျှောက်လုံးဟာ ထောင်ရယ်၊ အိမ်ရယ်၊ အကျဉ်းကျတဲ့ နေရာတွေရယ်၊ အဲဒီနေရာတွေကိုပဲ ဖြတ်သန်းခဲ့ရတာကိုက ကျနော်တို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ လိုလားတဲ့သူတွေရဲ့ ဘဝတခုလို ဖြစ်နေပြီ။ ဒီလောက်တိုးတက်နေတဲ့ ကမ္ဘာကြီး၊ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာ ဒီလို အနိဋ္ဌာရုံ မြင်ကွင်းတွေ မရှိသင့်တော့ဘူး၊ မဖြစ်သင့်တော့ဘူး။”

(၈၈) ကျောင်းသားခေါင်းဆောင် ကိုဂျင်မီမှာမူ ကျောင်းသားခေါင်းဆောင်တွေကို အပြစ်မရှိဘဲ ဖမ်းဆီးထား ခြင်း ဖြစ်၍ အပြန်ဆုံး ပြန်လွှတ်သင့်ကြောင်း ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ (၄၅) နှစ်ပြည့် မွေးနေ့ပွဲ တွင် ယခုလို ပြောဆိုသွားခဲ့ပါသည်။

“ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ကျနော်တို့ သူငယ်ချင်း (၅) ယောက်ဟာ သူတို့ စွပ်စွဲချက်တွေ တခုနဲ့မှ ညှိစွန်းတာ မရှိဘူး။ ဒီလူတွေဟာ အင်မတန်မှ ငြိမ်းချမ်းပြီးတော့ အကြမ်းမဖက်တဲ့ အနုနည်း ကိုသာ ယုံကြည်တဲ့လူ တွေဖြစ်တယ်။ ဒီလူတွေကို အခုလို အပြစ်မရှိဘဲနဲ့ ထိန်းသိမ်းထားတဲ့အပေါ်မှာ ဒါဟာ တော်သင့်ပြီ၊ ရပ်သင့်ပြီ၊ ဒီလူတွေကို ပြန်လွှတ်ပေးသင့်ပြီ။ ထိန်းသိမ်းထားတာ အကျိုးမရှိဘူး၊ လွှတ်ပေးတာ အကျိုးရှိတယ် ဆိုတာကိုပဲ ကျနော် ပြောချင်တယ်။”

သာသနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် ကျင်းပခဲ့သည့် ကိုကိုကြီး၏ (၄၅) နှစ်ပြည့်မွေးနေ့တွင် အခမ်းအနား နှင့် ပတ်သက်၍ သတင်းပေးပို့ချက် ဖြစ်ပါသည်။

အစသို့

## တောင်ငူထောင်၌ နိုင်ငံရေးအကျဉ်းသား (၂) ဦး ကျန်းမာရေးဆိုးရွား

*၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

တောင်ငူထောင်မှ နိုင်ငံရေးအကျဉ်းသား ကိုညီညီဦးနှင့် ကိုစောမြင့်နိုင်တို့ (၂) ဦး ကျန်းမာရေး အခြေအနေ တော်တော် ဆိုးဝါးနေခြင်းကြောင့် အပြင်ဆေးရုံတွသ်ပို့ပြီး ဆေးကုသမှု ခံနေရသည်ဟု သိရပါသည်။ တောင်ငူထောင်မှ ကျန်းမာရေး အခြေအနေ ဆိုးရွားနေသည့် နှစ်ရှည်နိုင်ငံရေး အကျဉ်းသား ကိုညီညီဦးကို လွှန်ခဲ့သည့် သတင်းပတ်ကစ၍ ထောင်အပြင်ထုတ်ပြီး ဆေးကုပေးနေသည်ဟု သိရပါသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောင်ရေး အသင်း AAPP ပြောခွင့်ရသူ ကိုတင်လှိုင်မှ – – –

“ကိုညီညီဦးက လွန်ခဲ့တဲ့ တပတ်လောက်က အပြင်ဆေးကုသခွင့် ရတယ်ပေ့ါနော်။”

တောင်ငူထောင်တွင် ကိုညီညီဦးအပြင် (၉) လေးလုံး လှုပ်ရှားမှုနှင့် ဆက်နွယ် ထောင်ကျနေသည့် ကိုစောမြင့်နိုင်၏ ကျန်းမာရေး အခြေအနေသည်လည်း အတော်ကို ဆိုးရွားကြောင်း ကိုတင်လှိုင်မှ ဆက်ပြောပါသည်။ ကိုညီညီဦးကို ရန်ကုန် သံလျင်ရေနံချက်စက်ရုံ ဗုံးခွဲမှု၊ နိုင်ငံတော် ပုန်ကန်မှု စသသည့် စွပ်စွဲချက်များနှင့် (၁၉၈၉) ခုနှစ်တွင် သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ပြီး၊ ထောင်ဒဏ် တသက်တကျွန်း ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။ (၄၂) နှစ်အရွယ်ရှိပြီဖြစ်သည့် ကိုညီညီဦးသည် သွေးတိုးနှင့် နှလုံးရောဂါ ဖြစ်ပွားနေခြင်းပါ။ အခုနှစ် ဩဂုတ်လတွင် လေဖြတ်ခဲ့ပြီး စိတ်ကျဝေဒနာပါ ခံစားနေရကြောင်း သိရှိရပါသည်။ ကိုညီညီဦးကို ထောင်ပြင်ထုတ် ဆေးကုသည့်သတင်းအပေါ် အဖွဲ့ချုပ် လူမှု အထောက်အကူပြု အဖွဲ့ဝင် ဒေါ်လှဲ့လှဲ့မှ ကြိုဆိုလိုက်ပြီး၊ အခြားကျန်းမာရေး ဆိုးရွားနေသည့် နိုင်ငံရေး အကျဉ်းသားများကိုလည်း ထောင်ပြင်ထုတ်ပြီး ဆေးကုခွင့် လိုသည်ဟု အာဏာပိုင်များအား တိုက်တွန်းလိုက်ပါသည်။

“တကယ်ဖြစ်နေတဲ့သူတွေကို တကယ်ကုပေးတဲ့အတွက် ကျေးဇူးတင်ဖို့ ကောင်းတာပေ့ါ။ နိုင်ငံရေး အကျဉ်းသားတွေက တကယ်ထောင်မှာ ကျန်းမာရေး ဆိုးရွားနေတယ်၊ ဆေးကုသဖို့လိုတဲ့ လူတွေရှိတယ်။ ဒီမှာ တတ်ကျွမ်းတဲ့ သမားတော်ကြီးတွေနဲ့ ကုသဖို့ကတော့ လိုတာ အမှန်ပဲလေ။”

ကိုညီညီဦး၏ အခြေအနေနှင့် ပတ်သက်၍ တောင်ငူထောင်နှင့် တောင်ငူဆေးရုံများကို အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း ဖုန်းမကိုင်ကြပါဘူး။ AAPP အတွင်းရေးမှူး ကိုဘိုကြည်ကလည်း ထောင်အပြင်ထုတ်ပြီး ဆေးကုသခွင့်ကို တားဆီးပိတ်ပင်နေသည့် အာဏာပိုင်များအပေါ် ဝေဖန်လိုက်ပါသည်။

“ကိုညီညီဦး ကျန်းမာရေး ဖြစ်နေတာ တော်တော်ကြာပြီ။ အပြင်ထုတ် ကုသပေးတဲ့ အချိန်က နည်းနည်း နောက်ကျတယ်လို့ ထင်တာပဲ။ တကယ်တမ်းဆိုရင် အကျဉ်းသားတွေကို အစောကြီးကတည်းကနေ သေသေချာချာ ကြိုတင်ကာကွယ်မှုတွေ လုပ်ရမယ်၊ နောက်တခု လိုအပ်တဲ့ ဆေးဝါးတွေကို အချိန်မီ ကုသခွင့်တွေ လုပ်ရမယ်။ ဒါပေမဲ့ နိုင်ငံရေး အကျဉ်းသားတယောက်ကို အပြင်ထုတ်တော့မယ်ဆိုရင် ထောင်အာဏာပိုင်တွေက ဆုံးဖြတ်လို့ မရဘဲနဲ့ ထောက်လှမ်းရေးတွေ၊ အထက်အရာရှိဆိုတဲ့ လူတွေကနေ ဆုံးဖြတ်နေတဲ့ အခါကျတော့ ခွင့်ပြုချက် အမိန့်တွေကို စောင့်နေရင်း စောင့်နေရင်းနဲ့ စောင့်နေရင်းနဲ့ အချိန်လွန်မှ ဆေးဝါးကုသခွင့် ရနေတာကို တွေ့နေရတယ်။ မလိုအပ်ဘဲနဲ့ အသက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာတယ်။ ဒါမျိုးတွေက မကောင်းပါဘူး။” ထောင်တွင်း ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ ကောင်းမွန်တယ်လို့ နအဖပိုင် မီဒီယာတွေမှာ ဝါဒဖြန့် ကြွေးကြော်နေပေမဲ့ ထောင်တွေအတွင်း ICRC အဖွဲ့ မဝင်ရောက်နိုင်ကတည်းက ထောင်တွင်း ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ ပိုဆိုးလာတယ်လို့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေက ပြောဆိုနေကြကြောင်းပါ။

အစသို့

## အင်းစိန်ထောင်မှ အဖွဲ့ချုပ်ဝင် အကျဉ်းသားတဦး ပြင်ပဆေးခန်း၌ ကျန်းမာရေး ကုသရန်လိုအပ်

*၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

မီးသတ်ဝန်ထမ်းကို နှောက်ယှက်သည်ဆိုပြီး အင်းစိန်ထောင်တွင် ထောင် (၂) နှစ် ကျခံနေရသည့် ရန်ကုန်တိုင်း လှိုင်သာယာ အဖွဲ့ချုပ်ဝင် ကိုသန့်ဇင်မျိုး ကျန်းမာရေးသည်လည်း ပြင်ပဆေးခန်းတွင် ကုသရန် လိုအပ်နေကြောင်း မိသားစုဝင်များ ပြောပြချက်အရ သိရပါသည်။ လှိုင်သာယာ အဖွဲ့ချုပ်ဝင် ကိုသန့်ဇင်မျိုးသည် နှလုံး၊ လေးဘက်နာ ရောဂါများ ခံစားနေရခြင်းဖြစ်ပြီး ဆေးထိုး ကုသခွင့်မရသည်မှာ တနှစ်လောက် ရှိပြီဟု သိရပါ သည်။ ထို့ကြောင့် ပြင်ပဆေးခန်းနှင့် ဆေးကုသခွင့် လိုအပ်နေပြဟု ပြီးခဲ့သည့်အပတ်ကမှ ထောင်ဝင်စာ သွားတွေ့ခဲ့သူ ၄င်း၏အကို ကိုသန့်ဇင်ဦးမှ အခုလို ပြောပြခဲ့ပါသည်။

“ထောင်မချခင် အမှုရင်ဆိုင်စဉ်ကတည်းက ကျနော်ညီက နှလုံးလေးဘက်နာပိုး တွေ့ရတယ်လေ၊ ကျနော့် ညီက။ ဘားလမ်းဆေးရုံမှာ တလတကြိမ် ဆေးထိုးရတယ်။ ထောင်ကျလာတဲ့ အခါကျတော့ ထောင်ထဲက အခြေအနေ အရပ်ရပ်ကြောင့် ဆေးမထိုးရဲဘူး၊ ဆေးမထိုးရဲတာ တနှစ်ကျော်သွားပြီ။ မထိုးရဲတာပေ့ါ။ အရင်တုန်းက သာဓကတွေ ရှိတာကိုး။ ထောင်ထဲက ဆေးရုံပေါ်မှာ ဆေးထိုးအပ်တန်းလန်းနဲ့ သေတာတို့၊ ဘာတို့ပေ့ါ။ ဆေးမှူးအဆင့် လောက် ထိုးခိုင်းတယ်၊ နောက်ပြီးတော့ ဟိုတုန်းကဆိုရင် နှစ်ကြီး အကျဉ်းသားတွေကို ဆေးထိုးအပ် ပေးပြီးတော့ ထိုးခိုင်းတယ်လို့ ပြောတယ်။ အဲဒါတွေ ကြောက်ပြီးတော့ မထိုးရဲဘူး။ ထောင်ထဲမှာ အခု ဘယ်လို ဖြစ်လဲဆိုတော့ ဆေးစာကို ပေးတော့တာ။ လူနာကို သေချာ မစမ်းသပ်ဘူး။ မစမ်းသပ်ဘဲနဲ့ လူနာကို ဒီဆေးထည့်ပေးပါ၊ ဗမာဆေးဆိုရင်လဲ နှလုံးရောဂါနဲ့ ပတ်သက်ရင် ခရမ်းဦးချစ်တင်ပေ့ါ။ ဘယ်နှစ်ဖုံးပေ့ါ၊ နောက်ပြီးရင် ဗိုက်တာဇုံက ဘယ်နှစ်တောင့်ပဲ့၊ နောက်တခါ ယားနာပျောက်ဆေးက ဘယ်လောက်ပေ့ါ။ အဲဒီလို ကိုယ့်ပါးစပ်နဲ့ကိုယ်

ပြောပြီးတော့ မှာရတယ်။ အဲဒီလို မှာတော့မှ ဆရာဝန်က မှတ်တမ်းရေးပေးရတယ်။ အဲဒါကို ဆေးစာထုတ်ပေးတယ်။ ကျနော်တို့က အပြင်ကနေ သူတို့ ရောင်းတဲ့ဆိုင်ကနေ ဝယ်ပေးရတယ်။ တခါတလေကျရင် အနာတခြား ဆေးတခြားပေ့ါ။ အရင်တုန်းက ရင်ဘတ်အောင့်တာ မရှိသေးဘူး။ သူက တနှစ်ကျော် ဆေးမထိုးတဲ့အခါ ပိုဆိုးတာပေ့ါ။ တလတကြိမ် ပုံမှန် မပျက်ထိုးရတယ်ဆိုတော့ နလုံးလေးဘက်နာ ပိုးရှိတဲ့လူကလေ။ တလတခါ တကြိမ် ထိုးရတယ်။ အဲဒီလိုမှ မထိုးရင် နလုံးအညှာကို ထိခိုက်နိုင်တယ်လို့ အဲဒီလို ပြောတယ်။”

အလားတူ ကိုသန့်မျိုးနှင့်အတူ ဖမ်းဆီးခံခဲ့ရသည့်အဖြစ်သူ ဦးလှအေးသည်လည်း ယားနာများ ပေါက်နေကြောင်း သိရပါသည်။ ဦးလှအေးသည် လှိုင်သာယာ အဖွဲ့ချုပ်ဝင်ဖြစ်ပြီး အကျင့်ပျက် မီးသတ်ဝန်ထမ်း နီတာဆိုသူမှ ၄င်းတို့မှ နေအိမ်တွင် မတရားငွေတောင်းခြင်းနှင့် ပတ်သက်ပြီး သားဖြစ်သူ ကိုသန့်ဇင်မျိုးနှင့် မတရား ရိုက်ပွဲဖြစ်ရာမှ ရိုက်ခံရခြင်း ဖြစ်ပါသည်။ ၄င်းမီးသတ်ဝန်ထမ်းအား ဝတ္တရားနှောက်ယှက်မှုနှင့် အာဏာပိုင်များ ၄င်းတို့နှစ်ဦးကို ပြီးခဲ့သည့် (၂၀၀၅) ဒီဇင်ဘာလ ကတည်းမှ ဖမ်းဆီးပြီး (၂) နှစ် ထောင်ချထားခြင်း ဖြစ်ပါသည်။

အစသို့

## အင်းစိန်ထောင်ထဲမှ နိုင်ငံရေးအကျဉ်းသား ဦးကျော်ဆန်း အစာငတ်ခံဆန္ဒပြမှု အဆုံးသတ်

*၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

အင်းစိန်ထောင်ထဲတွင် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်အမတ် ဦးကျော်ဆန်း အစာငတ်ခံ ဆန္ဒပြနေသည့် သတင်းကို ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါသည်။ ၄င်းသတင်း နောက်ဆက်တွဲကို ယနေ့ ထောင်ဝင်စာ သွားတွေ့ခဲ့သည့် ဇနီးဖြစ်သူ ဒေါ်မေနွယ်နှင့် အင်းစိန်ထောင် တာဝန်ရှိ များကို ဆက်သွယ် မေးမြန်းထားပါသည်။ နိုင်ငံရေးအကျဉ်းသား ဦးကျော်ဆန်း၏ ထောင်တွင်းအစာငတ်ခံ ဆန္ဒပြပွဲ အကြောင်းကို ယနေ့ ထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် ဇနီးဒေါ်မေနွယ်မှ ယခုလို ပြောပြပါသည်။

“အခန်းထဲမှာ ရေတွေဝပ်တာကို လုပ်ပေးဖို့ အဲဒါ သူက လုပ်စေချင်တယ်။ အဲဒါ အဆင် မပြေလို့။ နားတို့၊ မျက်စေ့တို့ ဆရာဝန်က ရေးပေးလိုက်တာ တလတခါ၊ အခုက ငါးပတ်နဲ့လဲမထွက်၊ ခြောက်ပတ်နဲ့လဲ မထွက်။ အဲဒီလို ဖြစ်နေတော့ အဲဒါကိုလဲ သူပြောချင်တယ်။ တွေ့ချင်တာကို တွေ့လို့မရလို့လေ။ မျက်စိတော့ ပြခွင့်ရပြီ။ ရေဝပ်တဲ့ ကိစ္စကလဲ အခုချိန်ထိတော့ လုပ်မပေးသေးဘူး။ လုပ်တော့လုပ်ပေးမှာပါ။ ဒီနေ့ ထမင်းပြန်စားမယ်လို့ ပြောပါတယ်။”

(၇၅) နှစ်ရှိပြီဖြစ်သည့် ဦးကျော်ဆန်းသည် ယခုချိန်ပါနှင့်ဆိုလျှင် ထောင်ကျသည်မှာ (၃) ကြိမ် တိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ၄င်း၏ ကျန်းမာရေး အခြေအနေကို အခုလို ဆက်ပြီး – – –

“(၉၂) ခုနှစ်က တခါ၊ နိုဗယ်လ်ဆုရတာ ထောက်ခံတယ်ဆိုပြီးချတာ။ အဲဒါပြီးတော့ ပြန်ထွက်လာတယ်။ (၉၈) ခုနှစ်မှာ ဝင်သွားလိုက်တာ (၂၀၀၄) နိုဝင်ဘာလကုန်လောကမှ ထွက်လာတယ်။ အခုတခါ (၄) လမပြည့်သေးဘူး။ တမှုတခုနဲ့ ပြန်လုပ်ပြန်တယ်။ NLD ဆိုပြီးတော့ ပြန် ထည့်လိုက်တာ။ အဲဒီမှာ နေတဲ့ အချိန်က (၁၁) နှစ် နီးနီးလောက် ရှိနေပါပြီ။ မျက်စိတွေ ခွဲထားတယ်။ တဖက်က နှစ်ခါခွဲ၊ တဖက်က တခါခွဲ။ နောက် နားကလဲ သိပ်မကောင်းဘူးလေ။ အဲဒါတွေ ရှိတယ်။ နောက်သွေးတိုးလဲရှိတယ်။ တခါတလေကျရင် တက်တယ်ပေ့ါ။”

ဦးကျော်ဆန်း အစာငတ်ခံ ဆန္ဒပြမှုနှင့် ပတ်သက်ပြီး အင်းစိန်ထောင်ကို တယ်လီဖုန်းနှင့် ယခုလို မေးခဲ့ပါသည်။

“အမိန့်ရှိပါ။”

ဒီဗွီဘီ ။ ။ အင်းစိန် အကျဉ်းထောင်ကပါလား။

“ဟုတ်ပါတယ်။” ဒီဗွီဘီ ။ ။ ဦးကျော်ဆန်း အစာငတ်ခံ ဆန္ဒပြမှုနဲ့ ပတ်သက်ပြီး သိချင်လို့ပါ။

“ဘယ်က ဆက်တာလဲ။”

ဒီဗွီဘီ ။ ။ ဒီမိုကရက်တစ် မြန်မာ့ အသံကပါ။

“ဖုန်းမှားနေပါတယ်။”

ဒီဗွီဘီ ။ ။ အရင်က ဆက်ဖူးပါတယ်။

“ဒီဖုန်းနံပါတ် မဟုတ်ပါဘူး။ ဖုန်းမှားနေပါတယ်။”

ဒီဗွီဘီ ။ ။ အခု ဘယ်ကပါလဲ။

“ဒါ လှိုင်သာယာဘက် ရောက်နေပါတယ်။”

ထောင်ဝန်ထမ်းမှ အင်းစိန်ထောင်ကပါလို့ အတည်ပြု ပြောပြီးမှ နောက်ပိုင်း ဖုန်းမှားနေပါသည်။ လိုင်သာယာက ဖြစ်တယ်ဆိုပြီး ပြောင်းလဲ ပြောဆိုသွားပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား မရှိပါဘူးဟု အာဏာပိုင်များမှ ပြောဆိုနေသော်လည်း အကျဉ်းထောင်များမှာ နိုင်ငံရေးယုံကြည်ချက်ကြောင့် ထောင်ကျခံနေရသူ (၁၂၀၀) ရှိသည်ဟု နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်း AAPP မှတ်တမ်းအရ သိရပါသည်။ နိုင်ငံရေးအကျဉ်းသားများသည် ဖိနှိပ်ခံနေရသော်လည်း ၎င်းတို့၏ ယုံကြည်ချက်တွေကို အလျှော့သင့်သလို ထုတ်ဖော်ပြသနေကြသည့်သတင်းကို မကြာခဏဆိုသလို ထွက်ပေါ်နေပါသည်။ လက်ရှိ မော်လမြိုင် အကျဉ်းထောင် တွင်လည်း နိုင်ငံရေးအကျဉ်းသားနှစ်ဦး ဆန္ဒပြနေဆဲ ဖြစ်သည်ဟု သိရပါသည်။ ၎င်းကိစ္စ ကိုမော်လမြိုင်ထောင် အာဏာပိုင်များအား ဆက်သွယ်သော်လည်း ဖုန်းအဆက်အသွယ် မရခဲ့ပါ။ ယခုလို နိုင်ငံရေးအကျဉ်းသားများ အစာငတ်ခံ ဆန္ဒပြနေကြသည့်အပေါ် အဖွဲ့ချုပ် လူမှု အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဦးလှသိန်းမှ ယခုလို ပြောဆိုသွားခဲ့ကြောင်းပါ – – –

"လက်ရှိထောင်ထဲမှာ အစာငတ်ခံ ဆန္ဒပြနေတဲ့ နိုင်ငံရေးသမားတွေဟာ စနစ်မှန်တခု ပေါ်ပေါက်ရေး၊ အဖြစ်မှန်တခု ပေါ်ပေါက်ရေး၊ ဖိနှိပ်မှု တခုကနေ လွတ်မြောက်ရေး၊ အဆင်ပြေမှုတခုကို ပေါ်ပေါက်ရေးအတွက် အသက်နဲ့လဲပြီးတော့ ဆန္ဒထုတ်ဖော်မဲ့ နိုင်ငံရေးသမားများ မြောက်များစွာ ရှိလာအုံးမှာပါ။ အမှန်တရားတခုကို ရှေ့ရှုပြီးတော့ မိမိတို့ အင်မတန် အသက်ကိုတောင်မှ အမှန်တရားနဲ့ လဲရဲတယ်၊ အားလုံးအပေါ်မှာ မြင်သာအောင် ထင်ထင်ရှားရှား အသက်နဲ့လဲပြီး ရင်းသွားတဲ့ နိုင်ငံရေးသမားတွေကို ကျနော်တို့ အသိမှတ် ပြုရမှာ ဖြစ်ပါတယ်။"

အစသို့

## ဓါတ်လိုက် လဂွသမှု၌ နောက်တိုးတရားခံ လျှောက်လဲချက်မြို့နယ်တရားရုံးမှ

*၂၁ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

မီးကြိုးဓါတ်လိုက် လူသေမှုနှင့် အင်းစိန်ထောင်တွင် အကျဉ်းကျခံနေရသည့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အဖွဲ့ချုပ်ဝင် ဦးမြင့်ထွန်း အမှုအတွက် နောက်ဆုံး တရားခံ လျှောက်လဲချက်ကို မြို့နယ်တရားရုံးမှ ယနေ့ ပယ်ချလိုက်ကြောင်း သိရပါသည်။ အမှုမှန် ပေါ်ပေါက်ရေးအတွက် မီးခိုးသွယ်သူ ကိုနိုင်ကို နောက်တိုးတရားခံအဖြစ် ဦးမြင့်ထွန်း၏ အကျိုးဆောင်ရှေ့နေ ဦးမြင့်သောင်းမှ တရားရုံးသို့ ယခုလ (၁၈) ရက်နေ့တွင် လျှောက်လဲခဲ့ခြင်း ဖြစ်ပါသည်။ ၎င်း အခြေအနေနှင့် ပတ်သက်ပြီး ရှေ့နေဦးမြင့်သောင်းမှ ယခုလို ပြောပြပါသည်။

"အမှုမှာ မီးခိုးသွယ်တဲ့ ကိုနိုင်ကို နောက်တိုးတရားခံ အနေနဲ့ ထည့်သွင်းပေးဖို့ ကျင့်ထုံးပုဒ်မ (၁၃၁/ဂ) အရ လျှောက်တယ်။ အဲဒီ လျှောက်တဲ့အပေါ်မှာ လက်မခံဘူး ဆိုတဲ့ အမိန့်ကို ဒီကနေ့ ချတယ်လေ။"

ဒီဗွီဘီ ။ ။ ဘာကြောင့်လက်ခံတာလဲ။

"ဘာကြောင့်လက်ခံတာလဲဆိုတော့ အမှုမှာလဲ ပေါ်နေတယ်လေ။ ပေါ်နေတဲ့ အတွက်ကြောင့် ကျနော်တို့က လျှောက်တဲ့ဟာကို နဂိုကတည်းက အမှုစစ်ရဲက ကိုနိုင် မီးခိုးသွယ်တဲ့ ကိစ္စကိုလဲ သူက ပေါ်အောင် မစစ်ခဲ့ဘူး။ အခု သက်သေတွေ စစ်တဲ့နေရာမှာတော့ ပေါ်တယ်ပေ့ါ။ တကယ်လို့ အခု ပယ်တယ်ဆိုတဲ့ အမိန့်ကို မကျေနပ်ဘူးဆိုရင် သူက သက်ဆိုင်ရာ အဆင့်မြင့်ရုံးကို တက်ဖို့တော့ ကျနော်တို့ကို ပြောပါတယ်။ နောက်တိုးတရားခံ ထည့်သွင်း စစ်ခြင်းအားဖြင့် အမှန်ပိုပေါ်နိုင်တာပေ့ါ။ အဲဒါကို တရားရုံး အနေနဲ့ လက်မခံတဲ့အခါကြတော့ ကျနော်တို့ အခွင့်အရေး ပိုဆုံးရှုံးသွားတာပေ့ါ။"

ဒီဗွီဘီ ။ ။ အဲဒီလိုမျိုး ပယ်ချခံလိုက်ရပြီဆိုတော့ အန်ကယ်တို့ ရှေ့နေ အနေနဲ့ ဘယ်လိုမျိုး ထပ်လုပ်ဖို့ အစီအစဉ် ရှိလဲ။

"ဒီနေ့က ပထမ ကိုနိုင်မီးခိုးသွယ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဓါတ်ပုံ (၅) ပုံရှိတယ်။ ရှိတဲ့ပုံကို သက်သေခံတင်ဖို့ တရားသူကြီးကိုလျှောက်တယ်။ တရားသူကြီးက သက်သေကို ပြန်ခေါ်ပြီးတော့ စစ်ခွင့်ပြုဖို့ ဒီနေ့တော့ ကိုနိုင်နဲ့ ပတ်သက်ပြီး လျှပ်စစ်ဌာနကိုရော၊ မီးခိုးသွယ်တဲ့ ပုံတွေရိုက်ထားတဲ့ ပုံကို သက်သေခံတင်တယ်။ လျှောက်လဲချက်ကို လာမဲ့ (၂၈) ရက်နေ့ ကြာသာပတေးနေ့ ပြန်ချိန်းတယ်။ နောက်တပတ်လောက်ဆိုရင်တော့ အမိန့် ချမှာပေ့ါ။"

ဦးမြင့်ထွန်း၏ရှေ့နေ ဦးမြင့်သောင်း ဖြစ်ပါသည်။ ရွှေပြည်သာမြို့နယ် အဖွဲ့ချုပ်ဝင် ဦးမြင့်ထွန်းအား ပြီးခဲ့ သည့် ဇူလိုင်လ (၁၁) ရက်ညပိုင်းတွင် မီးရထားဘူတာရုံ ဝန်ထမ်းတဦး လျှပ်စစ်မီးကြိုးဓါတ်လိုက် သေဆုံးခြင်းနှင့် ပတ်သက်ပြီး ဦးမြင့်ထွန်းအိမ်မှ မီးကြိုးကြောင့်ဆိုပြီး ပြစ်မှုဆိုင်ရာ ပုဒ်မ (၃၃၇၊ ၃၀၄/က) နှင့်တမှု၊ လျှပ်စစ်ဥပဒေ ပုဒ်မ (၃၅)နှင့် တမှု ရေးယူထားခြင်း ဖြစ်ပါသည်။

အစသို့

## ချက် လူထုမှ နိုင်ငံရေးအကျဉ်းသား မိသားစုများအတွက် ခရစ္စမတ် ကဒ်ပြားများ ပေးပို့

*၂၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ယခုလို ခရစ္စမတ်ကာလတွင် နိုင်ငံတကာ မိသားစုများ ဆုံစည်းပျော်ရွှင်သည့်ကာလ ဖြစ်ပါသည်။ ထို့ကြောင့် တကွဲတပြား ဖြစ်နေကြသည့် မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသား မိသားစုများအတွက် ချက်ရီပတ်ပလစ် ပြည်သူလူထုမှ ခရစ္စမတ် ကဒ်ပြားလေးများ စုပေါင်း ပေးပို့ခဲ့ကြကြောင်း သိရပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများအတွက် ချက်ပြည်သူလူထုဆီမှ စုဆောင်းရရှိသည့် ခရစ္စမတ်ကဒ်ပြား (၈၀၀) ကို အကျဉ်းထောင် (၅) ခု၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်များအား လိပ်မူပြီး ပေးပို့ခဲ့ကြ ကြောင်း အကူအညီလိုသူများ အသိုင်းအဝိုင်းဟုခေါ်သည့် People In Need Society တာဝန်ရှိသူ တဦးမှ ပြောပြခဲ့ပါသည်။ အကျဉ်းထောင်များသို့ ပုံမှန်စာတိုက်မှတဆင့် ပေးပို့ခဲ့ပါသည်။ အချို့နေရာများတွင် ရောက်ချင်မှ ရောက်ပါလိမ့်မသည်။ နိုင်ငံရေးအကျဉ်းသားများ လက်ထဲကိုလဲ ရောက်ရန် မသေချာသော်လည်း အချို့ထောင်များ ဆီသို့ ရောက်သွားပါလိမ့်မည်ဟု ပြောပါသည်။ ကျူးဘားနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများထံသို့ ခရစ္စမတ်ကဒ်ပြား လေးများ ပေးပို့ခဲ့စဉ်က ထောင်အာဏာပိုင်တွေအနေနှင့် နိုင်ငံရေးအကျဉ်းသားများကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဂရုတစိုက် ရှိနေသည်ဆိုတာကို သိရှိလာတဲ့သည့်အတွက်တွက် ပြုမူဆက်ဆံပုံများ တိုးတက်လာခြင်းကို တွေ့ရသည့်အတွက် မြန်မာနိုင်ငံ အကျဉ်းသားများအတွက် ယခုလို ဆောင်ရွက်ရန် စိတ်ကူးရလာခြင်း ဖြစ်သည့် အကြောင်း ၎င်းမှ ဆက်ပြောပါသေးသည်။ ၎င်းကဒ်ပြားများအား အာဏာရှင်အုပ်စုများဖြစ်သည့် မြန်မာ၊ ကျူးဘား နှင့် ဘီလာရုစ်နိုင်ငံ သုံးနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများအတွက် ရည်စူးပြီး ဆုတောင်းခဲ့ကြသည်ဟုလည်း ဆက်ပြော ပါသည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ICRC မှ အကျဉ်းထောင်များအတွင်းမှ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို ဝင်ရောက် စစ်ဆေးခွင့် မရသည်မှာ တနှစ်လောက် ဖြစ်လာသည့်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် ယခုလို ဂရုတစိုက် ရှိကြသည့်အတွက် ကျေးဇူးတင် ဝမ်းသာသည့် အကြောင်း နိုင်ငံရေးအကျဉ်းသား မိသားစုများမှ ယခုလို ပြောပြပါသည်။

"အရမ်းပဲ ဝမ်းသာပါတယ်။ ဒီမှာက ဖိနှိပ်ချုပ်ချယ်မှုတွေ များနေတဲ့အတွက် အဲဒီလို ကူညီတာတွေ၊ ကျမတို့ နိုင်ငံအတွက် ဂရုစိုက်တာတွေကို အများကြီး လေးစားပါတယ် ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။"

"ဒီလို နိုင်ငံရေး အကျဉ်းသားတွေအတွက် လုပ်ပေးတဲ့အတွက်ကို ကျေးဇူးတင်ပါတယ်။ သူတို့ ဆုတောင်း သလို ပြည့်ပါစေလို့လဲ ကျမ ဆုတောင်းပါတယ်။ နိုင်ငံရေးအကျဉ်းသား မိသားစု တယောက်အနေနဲ့ ပိုဆုတောင်းပေး ပါတယ်။"

ယခုလို နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဖေးမကူညီသော်လည်း မြန်မာပြည်တွင်းတွင် နိုင်ငံရေးအကျဉ်းသား မိသားစုများအား ဆက်ဆံရမည်ကို ကြောက်နေသည်သူများရှိနေခြင်း စိတ်မကောင်းသည့်အကြောင်း ကျောက်တန်း မြို့နယ် လွှတ်တော်ကိုယ်စားလှယ် နှစ်ရှည် နိုင်ငံရေးအကျဉ်းသား ဒေါက်တာသန်းငြိမ်း၏ဇနီး ဒေါ်ခင်အေးမှ ယခုလို ပြောပါသည်။

"သူတို့အနေနဲ့ သတိတရ ဒီလို လုပ်ပေးတဲ့အတွက် အန်တီက အများကြီး ကျေးဇူးတင်ပါတယ်လို့။ ဒီလို နေရာမျိုးမှာ အားလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်အောင် ညီညွတ်ကြဖို့ အရေးကြီးတယ် လေ။ တချို့ မြန်မာပြည်ထဲမှာရှိတဲ့ လူတချို့ကတော့ အန်တီတို့နဲ့ စကားပြောရမှာတောင် ကြောက်နေကြတယ်၊ တချို့ကလေ။ ဒါပေမဲ့ သူတို့လဲ ကြောက်ရမဲ့အပိုင်းတွေ ရှိနေတယ်ပေါ့။ အဲဒီအတွက်တော့ စိတ်မကောင်းဘူးလေ။ တယောက်နဲ့တယောက် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေလာခဲ့ပြီးမှ ဒီလို ဖြစ်ရတယ်ဆိုတာ အန်တီ အဲဒီအတွက် တော့ စိတ်မကောင်းပါဘူး။"

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP ၏ အထွေထွေ အတွင်းရေးမှူး ကိုတိတ်နိုင်မှ ယခုလို နိုင်ငံတကာ မိသားစု၏ မျက်ခြေမပြတ် စောင့်ကြည့်မှုသည် အရေးကြီးသည့်အကြောင်း ယခု လို ပြောဆိုပါသည်။

"နိုင်ငံတကာက အခုလို လှုပ်ရှားမှုတွေ လုပ်တာဟာ ကျနော်တို့ အနေနဲ့ တလေးတစား ကြိုဆိုရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရေးကို မျက်ခြေမပြတ် စောင့်ကြည့်နေတယ် ဆိုတာကို ပြသတာလဲ ဖြစ်ပါတယ်။ ကျနော်တို့ အနေနဲ့တော့ နိုင်ငံတကာ မိသားစုတွေကို အခုလို လှုပ်ရှားမှုမျိုး ဝိုင်းဝန်းဆောင်ရွက် လှုပ်ရှားပေးဖို့ ကျနော့်တို့ အနေနဲ့ တိုက်တွန်းလိုပါတယ်။"

အစသို့

## မော်လမြိုင်ထောင်၌ အကျဉ်းသားတဦး အသက်အန္တရာယ် စိုးရိမ်ရ

*၂၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

မော်လမြိုင်ထောင်ထဲတွင် ပုဒ်မ (၁၇/၁) နှင့် ထောင်ကျနေသည့် အကျဉ်းသား ကျော်ကျော်ဝင်း၏ အသက်အန္တရာယ် စိုးရိမ်နေရကြောင်း ထောင်နှင့် နီးစပ်သည့် သတင်းတွေအရ သိရပါသည်။ ထောင်အာဏာပိုင် များ၏ မတရားမှုများ အပြင်ကို

သတင်းပေးပို့သည်ဆိုပြီး ယခုလ (၁) ရက်နေ့တွင် ကျော်ကျော်ဝင်းအား ထောင်ပိုင် ဦးမိုးကျော်အောင် ကိုယ်တိုင် နံပါတ်ဒုတ်နှင့် ရိုက်နှက် တိုက်ပိတ်ခဲ့ခြင်း ဖြစ်ပါသည်။ အမည်မဖော်လို သည့် ထောင်ဝါဒါတဦး အပြောအရဆိုလျှင် ကျော်ကျော်ဝင်းသည် ထောင်ပိုင် ရိုက်နှက်မှုဒဏ်များကြောင့် ဦးခေါင်းနှင့် ရင်ဘတ်တွင် ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်ဟု ဆိုပါသည်။ သို့ပေမဲ့ ယခုထိ ဆေးကုသမပေးသည့်အတွက် အခြေအနေ အတော်ဆိုးလာပြီး အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေ ရောက်နေပြီဟု ၄င်း ဝါဒါက ပြောပါ သည်။ ကျော်ကျော်ဝင်းကို ယခုလို ဆေးကုမပေးပဲ တိုက်ပိတ်ထားသည့်အပေါ် မျိုးသီဟအပါအဝင် နိုင်ငံရေးအကျဉ်းသားအချို့မှာ အစာငတ်ခံ ဆန္ဒပြခဲ့သည်ဟုလည်း ၄င်းမှ ဆက်ပြောပါသည်။ ယခုထိတော့ ကျော်ကျော်ဝင်းကို ဆေးကုမပေးသလို အစာငတ်ခံ ဆန္ဒပြခဲ့သည့် မျိုးသီဟနှင့် အခြား နိုင်ငံရေးအကျဉ်းသား တဦးကိုလည်း တိုက်ပိတ်အရေးယူထားကြောင်း သိရပါသည်။ ၄င်းသတင်းများ ပတ်သက်၍ ထောင်ပိုင် ဦးမိုးကျော်အောင်ရုံးကို ဆက်သွယ် မေးမြန်းခဲ့သော်လည်း တာဝန်ကျ အရာရှိတဦးမှ တစုံတရာ ဖြေရှင်းပြောပြရန် ငြင်းဆိုသွားခဲ့ပါသည်။

အစသို့

## ဒေါ်စုအား ဆုဘတ်ချန်ဒရာဘို့စ် ဖောင်ဒေးရှင်းမှ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆု ချီးမြှင့်

*၂၆ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်ကြီး နေတာဂျီး ဆုဘတ်ချန်ဒရာဘို့စ်၏ ဖောင်ဒေးရှင်းမှနေ ပထမဆုံးအကြိမ် ပေးအပ်မည့် နိုင်ငံတကာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆုအတွက် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်လိုက်ကြောင်း ယနေ့ ကြေညာချက် ထုတ်ပြန်လိုက်ပါသည်။ ၄င်း ကြေညာချက် ကို ဆုဘတ်ချန်ဒရာဘို့စ် ဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူးဖြစ်သူ လွတ်တော်အမတ် မစ္စတာဒီဗရက် တာဗစ်ဆွာမှ မြန်မာသတင်းသမားတွေကို ခေါ်ယူ ရှင်းပြခဲ့ပါသည်။ ၄င်း စာထဲတွင် နေတာဂျီး ဆုဘတ်ချန်ဒရာဘို့စ် ဖောင်ဒေးရှင်းအနေနှင့် နိုင်ငံတကာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆုကို ဒေါ်အောင်ဆန်းစုကြည်အား ပထမဆုံး ပေးအပ်ရန် တညီတညွတ်တည်း ရွေးချယ်ကြခြင်းဖြစ်ကြောင်း အစချီ ရေးသားထားပါသည်။ ထို့အပြင် အိန္ဒိယ လွတ်လပ်ရေး သူရဲကောင်းကြီး ဆုဘတ်ချန်ဒရာဘို့စ်သည် မြန်မာပြည်သူများနှင့် ရှေးကတည်းက ဆက်ဆံမှုများ ရှိခဲ့ သည်ဟုလည်း ရေးသားထားပါသည်၊ နေတာဂျီး ဆုဘတ်ချန်ဒရာဘို့စ်၏ အိန္ဒိယတပ်မတော်သည် မြန်မာနိုင်ငံထဲကို ဖြတ်သန်းစဉ်တွင် မြန်မာပြည်သူ လူထုများမှ အားသက်သရော ကူညီခဲ့ကြသည်ဟုလည်း ဖော်ပြထားပါသည်။ ထိုသို့ မြန်မာပြည်သူလူထုများ အကူအညီနှင့် (၁၉၄၃) ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် မဏိပူရ်ပြည်ထဲတွင် ရှိသည့် နယ်ချဲ့မဟာမိတ်စစ်တပ်များကို တိုက်ခိုက် နိုင်ခဲ့သည်ဟုလည်း ရေးသားထားပါသည်။ ဆုဘတ်ချန ဒရာဘို့စ်သည် ၄င်း၏ရဲဘော် ရဲဘက်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဆီကိုလည်း အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံ လွတ်လပ်ရေးအတွက် ဘယ်လို ရုန်းကန်ကြမည် ဆိုသည့်အကြောင်း စာများ ခဏခဏရေးကြောင်းလည်း ဖော်ပြထား ပါသည်။ ဒေါ်အောင်ဆန်းစုကြည် အနေနှင့် ၄င်းဆုအား ကိုယ်တိုင်လာရောက် မယူနိုင်ခြင်းကို သဘောပေါက်သော် လည်း အဖွဲ့ချုပ် (NLD) ပါတီမှ တဦးဦးက ကိုယ်စားပြု တက်ရောက် ယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါကြောင်းလည်း စာ၏အဆုံးတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် ဒီဗွီဘီမှ ဆုဘတ်ချန်ဒရာဘို့စ် ဖောင်ဒေးရှင်း၏ အထွေထွေ အတွင်းရေးမှူး ဒီဘာရက်တာဘစ်ဆွာချ်ကို အယ်ဘယ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်အား ဆုပေးရန် ရွေးချယ် ရပါသလဲလို့ မေးမြန်းကြည့်ပါသည်။

"ကျနော်တို့ ဖောင်ဒေးရှင်းအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဆုပေးဖို့ ရွေးချယ်ရတဲ့ အကြောင်းအရင်း ကတော့ သူမဟာ မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီရေးအတွက်၊ လွတ်လပ်ရေးအတွက် ကြီးမြတ်တဲ့ တိုက်ပွဲဝင်သူ တဦး ဖြစ်လို့ပါပဲ။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လွတ်မြောက်ရေး ရုန်းကန်မှုတွေဟာ မြန်မာနိုင်ငံအတွက် တင်သာမက မလွတ်မြောက်သေးတဲ့ နိုင်ငံတွေအတွက်လဲ အင်အား ဖြစ်ပါတယ်။ ဒါတွေအားလုံးကိုလဲ အသိအမှတ်ပြုချင်လို့ ဒီ ဆုကိုပေးရတာ ဖြစ်ပါတယ်လို့ ပြောသွားတာပါ။ ဆက်လက်ပြီး ဒီဗွီဘီကနေ ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဆုဘတ်ချန်ဒရာဗို့စ်ရဲ့ တူညီတဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုတွေကရော ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာ သွားရောက် ထင်ဟပ်ပါသလားလို့ မေးမြန်းကြည့်ရာမှာ။"

"သိပ်သေချာတာပေါ့။ နေတာဂျီးဆုဘတ်ချန်ဒရာဘို့စ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖခင် ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ဗြိတိသျှနယ်ချဲ့ကို အတူတကွ တိုက်ပွဲဝင်ကြပြီး ကျနော်တို့ အိန္ဒိယနဲ့မြန်မာ နှစ်နိုင်ငံစလုံးကို လွတ်မြောက်စေပါတယ်လို့ ပြောသွားတာပါ။"

၎င်း နိုင်ငံတကာ ဒီမိုကရေစီ၏ ငြိမ်းချမ်းရေးဆုကို ဆူဘတ်စ်ချန်ဒရာဘို့စ်၏ နှစ် (၁၁၀) ပြည့် မွေးနေ့ဖြစ်သည့် ရှေ့နှစ်လာမည့် ဇန်နဝါရီလ (၂၃) ရက်နေ့တွင် အိန္ဒိယနိုင်ငံ ကလကတ္တားမြို့တွင် အခမ်းအနားနှင့် ပေးအပ်မှာ ဖြစ်ကြောင်း သိရှိရပါသည်။

အစသို့

## ကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေးရန် (၈၈) ကျောင်းသားအဖွဲ့ ထပ်မံ တောင်းဆို

*၂၇ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

ဖမ်းဆီးခံထားခြင်း ယနေ့ (၃) လ ပြည့်ပြီဖြစ်သည့် ကိုမင်းကိုနိုင် အပါဝင် ကျောင်းသား ခေါင်းဆောင် (၅) ဦး ပြန်လွှတ်ပေးရန် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ယနေ့ ထပ်မံ တောင်းဆိုလိုက်ပါသည်။ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ခေတ္တခဏဆွေးနွေးရန်ဆိုပြီး ခေါ်သွားခဲ့ရာမှ (၃) လ ပြည့်ပြီ ဖြစ်သည်မို့၊ အမြန်ဆုံး ပြန်လွှတ်ပေးရမည်ဟု (၈၈) မျိုးဆက် ကျောင်းသား ခေါင်းဆောင်တဦးဖြစ်သူ ကိုမြအေးမှ ယခုလို ပြောဆိုပါသည်။

"တယောက်ခြင်း၊ တဦးခြင်းရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီး အတော်လေး စိတ်ပူတယ်။ ဒီနှစ် ဆောင်းရာသီမှာလဲ ရန်ကုန်မြို့မှာ တော်တော်အေး အအေးပိုတယ်။ ဖမ်းဆီးခေါ်ဆောင် သွားစဉ်ကတည်းက သူတို့မှာ အဝတ်တထည် ကိုယ်တခုပဲ ပါသွားတယ်။ မိသားစုနဲ့လဲ ဆက်သွယ်လို့ မရဘူး၊ မိသားစုနဲ့ တွေ့ဆုံခွင့်လဲ မရဘူး၊ အဆက်အသွယ်လဲ မရဘူး။ အဲဒီနဲ့ ပတ်သက်ပြီး စိတ်ပူပါတယ်။ ဖြစ်စေချင်တာကတော့ နိုင်ငံသားတယောက်ရဲ့ အခြေခံ အကျဆုံး အခွင့်အရေး ဥပဒေအရ ခုခံပိုင်ခွင့်ဆိုတာ လူသားတိုင်းမှာ ရသင့်ပါတယ်။ မြန်မာနိုင်ငံမှာ ဥပဒေနဲ့ တိုင်းပြည်ကို အုပ်ချုပ်နေတယ် ဆိုလို့ရှိရင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ ဥပဒေရဲ့အကျိုးကျေးဇူးကို ခံစားခွင့် ရှိရမယ်။ အဲဒီ ခံစားခွင့်ကို ပေးရမယ်လို့ ကျနော် မြင်ပါတယ်။ ဒီလို ဖမ်းဆီးထိန်းသိမ်းထားတာဟာ မတရားဘူး။ ကျနော်တို့ (၈၈) မျိုးဆက် ကျောင်းသားများ အနေနဲ့ကတော့ အာဏာရှိတဲ့သူက အာဏာမဲ့သူကို တဖက်သတ် ခေါ်ယူထိန်းသိမ်း ဖမ်းဆီးတာမျိုးဟာ မရှိသင့်ဘူး၊ မဖြစ်သင့်တော့ဘူး။ ကျနော်တို့ ကျောင်းသား ခေါင်းဆောင် (၅) ယောက်ကို အမြန်ဆုံး ပြန်လွှတ်ပေးပါလို့ တောင်းဆိုချင်တယ်။"

နအဖ အာဏာပိုင်များမှ သတင်းစာ ရှင်းလင်းပွဲများတွင် ကျောင်းသား ခေါင်းဆောင် (၅) ဦးသည် အတိုက်အခံများ၊ ပြည်တွင်းဆူပူမှုနှင့် ပတ်သက်နေသည်ဟု စွပ်စွဲနေခဲ့ပါသည်။ ၎င်းကိစ္စကိုလည်း ကိုမြအေးမှ ယခုလို တုန့်ပြန်ပြောဆိုခဲ့ပါသည်။

"ကြံတဲ့လူက ကြံသလို ပို့လိုက်တဲ့ စာတစောင်နဲ့ ပတ်သက်ပြီးတော့ သတင်းစာထဲမှာ ဖော်ပြပြီးတော့ ငွေရေးကြေးရေး ကိစ္စတွေရော၊ တဖက်သတ် မဟုတ်မတရား စွပ်စွဲချက်တွေနဲ့ သတင်းစာထဲမှာ ဖော်ပြထားတယ်။ အာဏာပိုင်တွေ စွပ်စွဲတာကို သက်ဆိုင်ရာ နိုင်ငံခြား သံရုံးတွေကနေပြီးတော့ တာဝန်ရှိ ပုဂ္ဂိုလ်တွေက ဖြေရှင်းပြီးဖြစ်တယ်။ သူတို့နဲ့ မပတ်သက်ဘူး ဆိုတဲ့ဟာ အဲဒါ လုပ်ကြံမှုဆိုတာ ရှင်းနေပါပြီ။ နောက်တခါ သတင်းစာ ရှင်းလင်းပွဲတွေမှာ ထည့်သွင်းပြီး ပြောကြားသွားတဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျ၊ ကိုဌေးကြွယ်၊ ကိုပြုံးချို တို့ ကိစ္စတွေဟာ တခုမှ မဟုတ်ဘူးဆိုတဲ့ဟာကိုလဲ မြန်မာပြည်သူလူထု တရပ်လုံးကရော၊ ကျောင်းသားထု တရပ်လုံးကရော၊ ဒီမိုကရေစီ အင်အားစု တရပ်လုံးကရော၊ တကမ္ဘာလုံးကပါ သိပြီးသား ဖြစ်တယ်၊ ရှင်းပြီးသား ဖြစ်တယ်။ ဒါကို ဇွတ်ကြိတ်မှိတ် ပေပြီးတော့မှ ရမန်ယူတယ်။ ဥပဒေကြောင်းအရဆို မြို့နယ်တမြို့နယ်မှာ ရမန်ပြည့်တဲ့အခါမှာ ဒီလူတယောက်ကို လွှတ်ပေးဖို့ပဲ ရှိတော့တယ်။ ဒါကို လွှတ်မပေးဘဲနဲ့ ထပ်ပြီးတော့ နောက်ရုံးတရုံးကို ပြောင်းတယ်၊ ရမန်ယူတယ်ဆိုတာ အလွန် မတရားတဲ့ ဖြစ်ရပ်ကြီးဆိုတာ ရှင်းနေပါပြီ။"

ဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင်များ၏ မိသားစုများသည် အားလုံး စုပေါင်း တိုင်ပင်ပြီး၎င်းတို့၏ လွှတ်မြောက်ရေးအတွက် လုပ်ဆောင်သွားမည်ဟု ဆိုပါသည်။ ကိုမင်းကိုနိုင်၏ အမကြီး မကြည်ကြည်ညွန့်မှ ယခုလို ပြောဆိုပါသည်။

"ကျမတို့ကတော့ လောလောဆယ်တော့ ဘာမှ မပြောလိုသေးဘူးလေ။ အကုန်လုံး မိသားစု (၅) စုလုံး တိုင်ပင်ပြီးတော့ လုပ်စရာရှိတာကို လုပ်မှာပါ။"

ကိုမင်းကိုနိုင် အပါအဝင် ဖမ်းဆီးထားသည့် ကျောင်းသားခေါင်းဆောင် (၅) ဦးကို လွှတ်ပေးရန် ပြည်သူ့ ဆန္ဒ အဆိုပြုလွှာများတွင်လည်း မြန်မာပြည်သူလူထု (၅) သိန်းကျော် လက်မှတ်ရေးထိုး တောင်းဆိုခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ လူ့အခွင့်အရေး အဖွဲ့များမှ ၎င်းတို့ကို လွှတ်ပေးရန် အကြိမ်ကြိမ် တောင်းဆိုနေသည့်အကြားမှ ဆက်လက်ဖမ်းဆီးထားခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

အစသို့

## အင်းစိန်ထောင်မှ လွှတ်တော်အမတ် ဦးအောင်စိုးမြင့် ကျန်းမာရေးကို မိသားစု စိုးရိမ်

*၂၈ ၊ ဒီဇင်ဘာ ၊ ၂၀၀၆*

အင်းစိန်ထောင်တွင် အကျဉ်းကျခံနေသည့် ပဲခူးတိုင်း တောင်ငူမြို့နယ် အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်၏ ကျန်းမာရေးအတွက် မိသားစုမှ အထူး စိုးရိမ်နေတယ်လို့ သိရပါသည်။ သွေးတိုးနှင့် ဆီးချိုရောဂါများအတွက် ထောင်ဆေးရုံတွင် ဆေးကုနေရသည့် ဦးအောင်စိုးမြင့်ကို နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ဆေးရုံမှ တိုက်ထဲကို ပို့ဆောင်လိုက်ခြင်း ဖြစ်ခြင်းကြောင့် စိုးရိမ်နေခြင်း ဖြစ်ပါသည်။ ၄င်းနှင့်ပတ်သက်ပြီး ပြီးခဲ့တဲ့အပတ်တွင် ထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် ဦးအောင်စိုးမြင့်၏ သမီးငယ်မှ ယခုလို ပြောပြပါသည်။

“အစတုန်းက ဆေးရုံပေါ်မှာ ထားတာလေ ကျန်းမာရေး မကောင်းလို့ ဆိုပြီးတော့ နိုဝင်ဘာ (၃၀) ရက်နေ့က တိုက်ထဲကို ရွှေ့လိုက်တယ်တဲ့။ ဆေးရုံက ဆင်းမှာမို့ ဆရာဝန်က ပြောတယ်တဲ့ ဦးအောင်စိုးမြင့်က ဆေးရုံပေါ်မှာနေတာ နည်းနည်း ကြာသွားပြီဆိုတော့ ခဏလောက် ဆင်းပေးပါအုံးတဲ့။ ဆေးရုံပြင်မှာမို့လို့တဲ့ ပြင်ပြီးသွားရင် ပြန်ခေါ်ပါမယ်လို့တော့ ပြောတယ်တဲ့။ အဲဒါ ပြန်ခေါ်မခေါ်တော့ မပြောတတ်ဘူး။ စိတ်မကောင်းဘူးပေါ့။ ဆောင်းတွင်းဆိုတော့ အေးကလဲ အေးနဲ့။ အသက်ကလဲ ကြီးနေပြီလေ။ ဆေးရုံပေါ်မှာ နေရတယ်ဆိုတော့ ကောင်းတာပေါ့။ တိုက်ထဲမှာတော့ မနေစေချင်ဘူးပေါ့။ အခု ဒီတပတ်သွားတာ ဆေးတွေမှာတယ်၊ အေးလို့တဲ့။ ကျန်းမာရေးကတော့ အဖေက သွေးတိုး၊ ဆီးချို၊ မျက်လုံးလဲ သိပ်မကောင်းဘူးတဲ့။ ဘယ်လောက်ထိ အခြေအနေ ဖြစ်လဲဆိုတော့ တောက်လျှောက် ဆေးတွေကတော့ သောက်နေတာပေါ့နော်။ သွေးဆိုရင် အရင်လတွေကဆို (၂၀၀) ထိ တက်တယ်တဲ့။ (၂၀၀) – (၁၀၀) ဖြစ်တယ်တဲ့။”

ဦးအောင်စိုးမြင့်ကို နယ်မြေခံ အာဏာပိုင်များမှ (၂၀၀၃) ခု နှစ်ကုန်ပိုင်းတွင် ဆိုင်ကယ်တိုက်မှုနှင့် အမှုဆင်ဖမ်းစီးပြီး ထောင် (၇) နှစ် ချထားခြင်း ဖြစ်ပါသည်။

အစသို့